# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၄၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မော်တင်စွန်းဘုရားပွဲတော်ကာလအတွင်း ကျောက္ကလပ်ကမ်းခြေသို့ ခရီးသွားများ လာရောက်လည်ပတ်



ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၈

ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာအုပ်စုရှိ ကျောက္ကလပ်ကမ်းခြေသို့ မော်တင်စွန်းဘုရားပွဲတော်ကာလအတွင်း လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကျောက္ကလပ်ကမ်းခြေသည် အခြားသောပင်လယ်ကမ်းခြေများနှင့်မတူဘဲ သဘာဝအလျောက်ဖြစ်တည်နေသော ကျောက်မှိုပွင့်ကြီးများ၊ အမြဲစိမ်းစိုနေသည့် ရေညှိကျောက်ခွက်များ ကမ်းခြေတစ်လျှောက်တည်ရှိခြင်းကြောင့် ခရီးသွားဧည့်သည်များ လွန်စွာ

စာမျက်နှာ ၄ ကော်လံ ၅ ◆


ယနေ့ ဖတ်စရာ

ဆရာရယ် တပည့်ရယ် AI (ဉာဏ်ရည်တု)ရယ် သုံးပွင့်ဆိုင် ပေါင်းစည်းထားတဲ့ ပညာရေး နယ်ပယ်သစ်ဆီသို့... စာ ၆

ဂျီနီဗာဆွေးနွေးပွဲအပြီး အမေရိကန်နှင့် ဆွေးနွေးမှုများ ထပ်မံပြုလုပ်ရန် ဆန္ဒရှိကြောင်း အီရန်အချက်ပြ စာ ၁၄

မြန်မာ - ကိုရီးယား ပူးပေါင်းရိုက်ကူးမည့် All Pass လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်များ ရွေးချယ်ထုတ်ပြန် စာ ၁၆


## အာကာသပြတိုက် (ရန်ကုန်) တွင် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ၌ ပြိုင်ပွဲဝင်ပေါင်း ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင် အာကာသပြတိုက် (ရန်ကုန်) တွင် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာကာသဆိုင်ရာ ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာအာကာသအေဂျင်စီနှင့် အာကာသပြတိုက် (ရန်ကုန်)တို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် အခြေခံပညာအထက်တန်းအဆင့် (Grade 10 – Grade 11) ပြိုင်ပွဲများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ရက်တွင် အခြေခံပညာမူလတန်းအဆင့် (Grade 1 – Grade 5) ပြိုင်ပွဲများကိုလည်းကောင်း၊ မတ် ၁ ရက်တွင် အခြေခံပညာအလယ်တန်းအဆင့်

စာမျက်နှာ ၃ ကော်လံ ၁ ❍







## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ်၊ ၆ / ၂၀၂၆**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးမင်းအောင်အား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ တာဝန်မှအနားယူ ခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ်၊ ၇ / ၂၀၂၆**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးမြတ်စံ အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံ သီးသန့်အစည်းအဝေးကျင်းပ

## မြန်မာ – ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံသီးသန့်အစည်းအဝေးကို ယနေ့ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် မြန်မာ – ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေးစသည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စများ အပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍ တိုးမြှင့်နိုင်ရေး နည်းလမ်းများကိုလည်း ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တရားမဝင် နယ်စပ်ကုန်သွယ်ရေး၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည့် တရားမဝင် လုပ်ငန်းများတိုက်ဖျက်ရေးအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် ပိုမိုအရှိန်မြှင့်တင်နိုင်ရေး ဆွေးနွေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးကိုကိုကျော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် WHO တို့အကြား နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ခဲ့မှုအခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Thushara Fernando အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် Dr. Thushara Fernando အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် WHO တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် WHO မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

○ရှေ့ဖုံးမှ

(Grade 6 – Grade 9) ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပန်းချီပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲများကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ ကာတွန်းပြိုင်ပွဲကို နံနက် ၈ နာရီမှ ၁၀ နာရီအထိ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် အာကာသဆိုင်ရာ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ဦးရေ ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲဝင်အများဆုံး အခြေခံပညာအဆင့် ပြိုင်ပွဲတစ်ခုဖြစ်ကြောင်းနှင့် ထူးချွန်ဆုရရှိသူများအား မတ် ၄ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားဖြင့် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း (ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** – နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး) တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ)နှင့် မော်ကွန်းထိန်း ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတို့သည် ထကြွလုံ့လဝီရိယ ရှိထသော။ သတိလည်း ရှိထသော။ စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံထသော။ ပြုလုပ်လိုရာကိစ္စဟူသမျှ၌ စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ ရှိထသော။ ကိုယ်စိတ်နှလုံးသုံးပါးတို့ကို စောင့်စည်းလေ့ရှိထသော။ တရားသဖြင့် အသက်မွေးလေ့ရှိသော၊ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာ အဖြာဖြာသည် တစ်နေ့တခြား တိုးပွားကြောင်းကို သဗ္ဗညုဘုရားရှင်က ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူကြောင်း၊ ဘုရားရှင်ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်း ကိစ္စအဝဝကို ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း အဖွင့်သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၆)တင်ပြချက်များကို လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးကာ ဆုံးဖြတ်ချက် (၅) ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော် ဘဒ္ဒန္တကောဝိဒက ကုသိုလ်ရသည့်လုပ်ငန်းကိစ္စများကို ဆောင်ရွက်နေကြခြင်းကြောင့် ကောင်းမှုကုသိုလ်နှင့် ပြည့်စုံသော အမျိုးကောင်းသားသမီးတို့မှာ စိတ်က တောင့်တသည့်အတိုင်း ဖြစ်လာနိုင်ကြပါစေ။ တောင့်တမှုမှန်သမျှ၊ အလုံးစုံသောအကျိုးတရားမှန်သမျှ ပြည့်စုံနိုင်ကြပါစေ။ သဒ္ဓါတရားပညာနှင့်ချင့်ချိန်ဆောင်ရွက်နိုင်ကြပါစေကြောင်း နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ်အား တွေ့ဆုံ

**မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ်အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ချောက်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းဖြင့် သင်ကြားပို့ချ

**ချောက် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းဖြင့် မေးခွန်းပုံစံများအား တက္ကသိုလ်များမှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက အထက(၁) မြရိပ်ညိုခန်းမ၌ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်ကြားပေးခြင်းကို မန္တလေး၊ မိတ္ထီလာ၊ မကွေးနှင့် ရန်ကုန်တက္ကသိုလ်တို့မှ ဘာသာရပ်အလိုက် တာဝန်ရှိသူများက အွန်လိုင်းဖြင့် ဖေဖော်ဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဘာသာရပ်အလိုက် မေးခွန်းပုံစံနှင့် ဖြေဆိုပုံများကို သင်ကြားပို့ချသွားမည် ဖြစ်ပြီး အထက(၁)တွင် ကျောင်းသားကျောင်းသူ ၂၈၀ နှင့် ဆရာ ဆရာမ ၇၀၊ အထက (စလေ) ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၈၀ နှင့် ဆရာ ဆရာမ ၃၀ တက်ရောက်လျက်ရှိကာ ယနေ့ သင်ကြားပေးနေမှုကို ခရိုင်ပညာရေးမှူး ဦးမန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်တို့က အနီးကပ်ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။



ကျော်မိုး(ပြန်/ဆက်)

◆ရွှေ့ဖုံးမှ

စိတ်ဝင်စားလှသော နေရာတစ်ခုဖြစ်သည်။ ထို့ပြင် ကျောက္ကလပ်ကမ်းခြေသည် ရှင်စောပုဘုရင်မကြီး ခေတ္တနေထိုင်ခဲ့ရာ ဒေသဖြစ်ပြီး ရှင်စောပုဘုရင်မကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရှင်စောပုစေတီတည်ရှိခြင်းကြောင့် သမိုင်းကြောင်းအရ အရေးပါသောနေရာတစ်ခုဖြစ်ကာ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ စိတ်ပါဝင်စားစွာဖြင့် လာရောက်လည်ပတ်ကြသော နေရာတစ်ခုဖြစ်သည်။

ကျောက္ကလပ်ကမ်းခြေသည် ဟိုင်းကြီးကျွန်းမြို့မှ မိုင် ၄၀ ခန့် ကွာဝေးပြီး ကူးတို့သင်္ဘောများ၊ ဇက်ရေယာဉ်များဖြင့် အလွယ်တကူသွားလာနိုင်ခြင်း၊ တစ်ဖက်ကမ်းတွင်လည်း ကြိုပို့ယာဉ်များ အလွယ်တကူတည်ရှိနေခြင်းတို့ကြောင့် ဆက်သွယ်သွားလာရေး လွယ်ကူပြီး ဘုရားပွဲတော်ကာလအတွင်း နေ့စဉ်ခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသည်။

ကျောက္ကလပ်ကမ်းခြေအနီးဝန်းကျင်တွင်လည်း ဒီးဒူးချိုင်ကမ်းခြေ၊ ဓားသွေးကျောက်ကမ်းခြေ၊ မေဓာအိုင်ကမ်းခြေ၊ ထိပ်စွန်းကဲ့သို့သော ကမ်းခြေများရှိသည့်အတွက် အလွယ်တကူသွားရောက်လည်ပတ်နိုင်ပြီး ကျောက်မီးဖိုလုပ်ငန်း၊ တံငါလုပ်ငန်းများကိုလည်း ဝင်ရောက်လေ့လာ၍ ဒေသရိုးရာအစားအစာများ၊ လတ်ဆတ်သန့်ရှင်းသောပင်လယ်စာများအား ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်း(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လုပ်ငန်းများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ချောင်းမကြီး ရေလှောင်တမံသို့ သွားရောက်၍ ငလျင်ကြောင့် ချောင်းမကြီးဆည်မှ တစ်ရက်လျှင် ရေဂါလန် ၇ ဒသမ ၅ သန်း စစ်ထုတ်ပေးနိုင်သည့် ရေသန့်စင်စက်ရုံအမှတ် (၁) သို့ ပေးပို့သော ရေပို့ပိုက်လိုင်းပျက်စီးခဲ့သဖြင့် ချောင်းမကြီးဆည်အတွင်း ပွန်တွန်းပြုလုပ်ပြီး ရေတွန်းပန့်မော်တာခြောက်လုံးတပ်ဆင်၍ OD 500 mm HDPE ပိုက်လိုင်း ပေ ၁၂၇၀၀ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု၊ ပွန်တွန်းမှ တစ်ရက်လျှင် ရေဂါလန် ရှစ်သန်းခန့်တွန်းပို့နိုင်မှု၊ ရေသန့်စင်စက်ရုံမှ သန့်စင်ပြီးရေများကို လွှတ်တော်နှင့် အိမ်တော်များ၊ ဇေယျာသိဒ္ဓိ ရပ်ကွက်၊ ဝန်ကြီးဌာနရုံးများ၊ ခုတင်(၁၀၀၀)ဆေးရုံကြီး၊ မြို့မဈေး၊ သပြေကုန်းဈေး၊ ကံ့ကော်အိမ်ရာ၊ ခရေအိမ်ရာ၊ သုခတော်ဝင်အိမ်ရာများသို့ သောက်သုံးရေပေးဝေနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ချောင်းမကြီး ရေလှောင်တမံပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ တမံ၏အင်္ဂါရပ်နှင့်အညီ ထည့်သွင်းဆောင်ရွက်ရန်၊ လိုအပ်သော ရေစုမြောင်း၊ ရေဆင်းမြောင်း၊ လှိုင်းကာကျောက်၊ Parapet များကိုပါ တစ်ပါတည်းပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်အမှတ်(၁)၊ (၂)နှင့်(၃) ပြန်လည်ပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ကန်အတွင်းရှိ ဗေဒါများကိုပါ တစ်ပါတည်း ဆယ်ယူရှင်းလင်းဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ မြို့တော်ခန်းမအနီးရှိ ငလိုက်ရာဘာရေလွှဲဆည်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေလွှဲဆည်အထွက်ပိုင်း Outfall Channel ကြမ်းခင်း နိမ့်ကျမှုနှင့် Downstream cut-off ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ သံလွင်မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာရှိ သံလွင်မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာရှိ တောင်သူဒေါ်အိဖြူစင်ထွန်း၏ မွေးမြူရေးခြံ၌ ဥစားဘဲကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ရွှေကင်း(၅)လမ်းတွင် Well Pile အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၂၀၀ ၊ ရွှေကင်း(၇)လမ်းတွင် Well Pile အခြေပြု ကျောက်စီမြေထိန်းနံရံ အလျားပေ ၂၆၀ ၊ ရွှေကင်း(၈)လမ်းတွင် Well Pile အခြေပြုကျောက်စီ မြေထိန်းနံရံ အလျားပေ ၁၄၀ စုစုပေါင်းအလျားပေ ၆၀၀ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၁၇)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ အခမ်းအနားကျင်းပ

**ကလော ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု ဆောင်းဘွဲ့ရွာတွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ (၁၇) ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၁၇) ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုပါကြောင်း အမှာစကားပြောကြားပြီး ရန်ပုံငွေထောက်ပံ့ပေးအပ်ရာ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

# ဆရာရယ် တပည့်ရယ် AI(ဉာဏ်ရည်တု)ရယ် သုံးပွင့်ဆိုင်ပေါင်းစည်းထားတဲ့ ပညာရေးနယ်ပယ်သစ်ဆီသို့…

မောင်မောင်လင်း

ပညာရေးဟာ အတိတ်ကာလတွေမှာ ဆရာဦးဆောင်တဲ့ပုံစံကို အဓိကထားခဲ့ပေမယ့် ယနေ့ခေတ်မှာတော့ AI (Artificial Intelligence) ဉာဏ်ရည်တုဆိုတဲ့ နည်းပညာအသစ်ရဲ့ ပါဝင်လာမှုကြောင့် ဆရာနဲ့ ကျောင်းသားတို့ရဲ့ သင်ကြားရေးလုပ်ငန်းစဉ်မှာ ရှည်လျားစွာတည်ရှိခဲ့တဲ့ ပုံသေစံနှုန်းတွေ လှုပ်ရှားသွားပြီး ပြောင်းလဲမှုအသစ်တွေကို ဖန်တီးပေးနေပါတယ်။ ဒီခေတ်ဆရာတွေအတွက် အဓိကမေးခွန်းထုတ်စရာ ဖြစ်လာတာကတော့ AI နည်းပညာက ပညာရေးဝန်ကို မည်သို့ပေါ့ပါးစေနိုင်မလဲ၊ တတ်သိနားလည်မှုကို မည်မျှအထိ မြှင့်တင်ပေးနိုင်မလဲ၊ ဒ့ါအပြင် ပညာရေးတန်းတူညီမျှမှုကို မည်သို့ဖော်ဆောင်ပေးနိုင်မလဲဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။ အဲဒီကနေ ဆရာ – ကျောင်းသား– AI သုံးပွင့်ဆိုင် ပညာရေးနယ်ပယ်အသစ်တစ်ခု ပေါ်ထွန်းလာခဲ့ပါတယ်။

## ပညာရေးရှုခင်းအသစ်

AI နည်းပညာပေါ်ထွက်လာပြီးနောက် ဆရာတွေအတွက် အရေးကြီးတဲ့ နောက်ထပ်မေးခွန်းတစ်ခုကတော့ **“AI က မေးခွန်းတိုင်းကို ဖြေပေးနိုင်ရင် ဆရာဆိုတာ လိုအပ်ပါဦးမလား”** ဆိုတာဖြစ်ပါတယ်။ ပညာရေးသုတေသီတွေနဲ့ UNESCO ရဲ့ အစီရင်ခံစာတွေကတော့ **“AI က အကြောင်းအရာပိုင်းမှာ ထက်မြက်ပေမယ့် လူသားရဲ့စာနာမှု ၊ ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်နဲ့ ရှုပ်ထွေးတဲ့ လူမှုရေးအခြေအနေတွေကို ကိုင်တွယ်နိုင်မှုမှာ အကန့်အသတ်ရှိတယ်”**လို့ထောက်ပြကြပါတယ်။ ဒါကတော့ AI ဟာ ဆရာရဲ့ ပြိုင်ဘက်မဟုတ်၊ ဆရာ့လုပ်ငန်းတာဝန်တွေကို ပေါ့ပါးစေမယ့် လက်ထောက်သာဖြစ်တယ်လို့ ဆိုလိုတာပါ။ ခေတ်သစ်နည်းပညာက ဆရာရဲ့ အခန်းကဏ္ဍအပေါ် အခုလို သက်ရောက်လာပါတယ် –

(က) **သုတအသိနဲ့ အမှားအမှန်ကို ဆင်ခြင်ခွဲခြားနိုင်တဲ့ပညာ**။ ဆရာဟာ သတင်းအချက်အလက်ပံ့ပိုးသူအဆင့်မှ လမ်းပြသူ မီးအိမ်ရှင်အဆင့်သို့ ကူးပြောင်းရပါမယ်။ AI က ဒေတာအချက်အလက်ကို တိကျစွာပေးနိုင်ပေမယ့် အဲဒီဒေတာကို လူတွေအပေါ် အကျိုးပြုစေမယ့် အမှားအမှန်ခွဲခြားနိုင်တဲ့ ပညာအဖြစ် ပြောင်းလဲသွားအောင်ကတော့ ဆရာကသာ လုပ်ဆောင်ပေးနိုင်လို့ပါ။

(ခ) **တတိယအင်အားစု**။ ဆရာနဲ့ တပည့်အကြားမှာ AI က ကြားခံနယ်မြေတစ်ခုအဖြစ် ရောက်ရှိလာပါတယ်။ AI ဟာ အတန်းထဲမှာ မမောနိုင် မပန်းနိုင် ဖြေကြားပေးနိုင်တဲ့ လက်ထောက်တစ်ဦးဖြစ်လာသလို ဆရာ့အတွက်လည်း သင်ခန်းစာစီမံတာ၊ စာမေးပွဲမေးခွန်းလွှာပြုစုတာ၊ အမေးအဖြေကဏ္ဍအတွက် အကူအညီပေးတာမျိုးတွေမှာ မူကြမ်းအဆင့်မှာ အကူအညီပေးနိုင်ပါတယ်။

အဲဒါကြောင့် ဆရာရဲ့ အခန်းကဏ္ဍဟာ အတန်းထဲက အာဏာပိုင်ဆရာအဖြစ်မှ လမ်းပြကြယ်အဖြစ်သို့ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် AI မပြည့်စုံနိုင်တဲ့အချက်ကတော့ ကျောင်းသားတစ်ဦးချင်းစီရဲ့ စိတ်အခံ၊ ခံစားချက်နဲ့ လူမှုဆက်ဆံရေးဆိုင်ရာ ပြဿနာတွေကို စိတ်နှလုံးဖြင့် ထွေးပွေ့နားလည်ပေးနိုင်စွမ်းဖြစ်ပါတယ်။ ဒါကြောင့် ဆရာဟာ သင်ကြားပေးခြင်းထက် ပြုစုပျိုးထောင်ပေးခြင်းအပေါ် ပိုမိုအာရုံစိုက်နိုင်လာမှာ ဖြစ်ပါတယ်။

နည်းပညာအသစ်ကြောင့် ယနေ့ခေတ်ကျောင်းသားတွေဟာ AI ကို အသုံးပြုပြီး အဖြေရှာတာမျိုးလောက်သာမက သင်ယူမှုကို အရှိန်မြှင့်တာမျိုးကိုပါ ပြုလုပ်လာနိုင်ပါတယ်။ ကျောင်းသားတွေဟာ သင်ယူပုံအသစ်တွေဖြစ်တဲ့ လက်တွေ့အသုံးချမှုမျိုးတွေအဖြစ် ဘာသာစကားလေ့လာသူက Speaking Partner နေရာထားတာမျိုးနဲ့ အကျဉ်းချုပ်ပြုစုခိုင်းတာမျိုး AI ကို ကောင်းကောင်းအသုံးချလာကြပါတယ်။ ယခင်က ပရိုဂရမ်ရေးတာအတွက် သင်ယူဖို့ခက်ခဲတဲ့ ကုတ်ရေးနည်းကို ကျွမ်းကျင်ရမှာဖြစ်ပေမယ့် AI ပေါ်လာပြီးနောက်ပိုင်း သာမန်စကားပြောပုံစံမျိုးနဲ့ကို လိုရင်းတိုရှင်း၊ ထိထိရောက်ရောက် ရှာဖွေသင်ယူနိုင်လာပါတယ်။ ဒ့ါအပြင် သင်ယူပုံနည်းလမ်းတွေကလည်း အပြောင်းအလဲဖြစ်လာခဲ့ပါတယ်။

ကျောင်းသားတွေက AI ကို သီအိုရီသဘောတရား၊ နမူနာဥပမာ၊ ရုပ်ပုံနဲ့ ဗီဒီယိုတွေကို ချက်ချင်းရှာဖွေဖို့ အကူအညီပေးနိုင်တဲ့ Assistant အဖြစ်၊ မနက်ည မနားတမ်း သင်ကြားပေးနိုင်တဲ့ ကိုယ်ပိုင် Tutor အဖြစ်၊ ဒ့ါအပြင် မိမိရဲ့ တွေးခေါ်နိုင်စွမ်းကို တစ်ဆင့်မြှင့်တင်ဖို့ ဆွေးနွေးတိုင်ပင်ဖော်အဖြစ် သုံးဆွဲတတ်ကြပါတယ်။ ဒီအချက်တွေကြောင့် AI ဟာ ကိရိယာသက်သက်မဟုတ်တော့ဘဲ ပညာရေးစနစ်တစ်ခုလုံးကို ပြန်လည်ဖွဲ့စည်းပေးနိုင်လောက်တဲ့ ဂေဟစနစ်အပြောင်းအရွှေ့တစ်ခုအဖြစ် ပေါ်ထွန်းလာပါတယ်။ AI အကျိုးပြုပေးနိုင်တာတွေကတော့–

(က) **တန်းတူညီမျှမှု**။ အရည်အချင်းပြည့်ဝတဲ့ ဆရာရှားပါးတဲ့ ဒေသတွေနဲ့ အရင်းအမြစ်နည်းပါးတဲ့ ကျောင်းတွေမှာ AI က အကောင်းဆုံးနည်းပြအစားခန့် (Personal Tutor) အဖြစ် ကွက်လပ်ဖြည့်ပေးနိုင်ပါတယ်။

(ခ) **ကိုက်ညီသင်ယူမှု**။ ပုံသေသင်ရိုးတွေအစား ကျောင်းသားတစ်ဦးချင်းစီရဲ့ စွမ်းရည်နဲ့ ကိုက်ညီတဲ့သင်ကြားမှုပုံစံအနေနဲ့ Khan Academy လို ပလက်ဖောင်းတွေမှာ AI က ကျောင်းသားရဲ့ ဖြေဆိုမှုတွေကို ချက်ချင်းခွဲခြမ်းစိတ်ဖြာပြီး အားနည်းချက်ရှိတဲ့ အကြောင်းအရာကို ထပ်ခါထပ်ခါ လေ့ကျင့်ခိုင်းတာ သို့မဟုတ် နောက်အဆင့် စိန်ခေါ်မှုတွေကို တင်ပြပေးတာမျိုးတွေ ပြုလုပ်ပေးပါတယ်။

## AI ခေတ်ပဋိပက္ခနဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုဆိုရာဝယ်

တစ်ချိန်တည်းမှာပဲ AI ကြောင့် ဆရာနဲ့ ကျောင်းသားအကြား အမြင်ကွဲပြားခြားနားမှုနဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပွတ်တိုက်မှုတွေလည်း ရှိလာနိုင်ပါတယ်–

(က) **အမြင်ကွဲပြားခြားနားမှု (Divergent Perspectives)**

| အကြောင်းအရာ | ဆရာရဲ့အမြင် (Traditional) | ကျောင်းသားရဲ့ အမြင် (AI Integrated) |
|---|---|---|
| အသိပညာ အရင်းအမြစ် | ဆရာဟာ ဗဟိုချက်၊ အသိပညာကို စနစ်တကျ လက်ဆင့်ကမ်းသူ | AI က အဓိကအရင်းအမြစ်၊ ဆရာက လမ်းညွှန်သူ(Facilitator) |
| အချိန်နဲ့ ထိရောက်မှု | ကိုယ်တိုင် အချိန်ပေးလုပ်ဆောင်တာက သင်ယူမှုရဲ့အနှစ်သာရ | AI နဲ့ မြန်မြန်ပြီးအောင်လုပ်တာက ထိရောက်မှု (Efficiency) |
| အရည်အချင်း အကဲဖြတ်မှု | စာမေးပွဲနဲ့ အိမ်စာက စွမ်းဆောင်ရည်ရဲ့ သက်သေ | AI သုံးပြီးဖြေတာကို ပိတ်ပင်တာက ခေတ်နောက်ကျတယ်လို့ ယူဆ |
| တီထွင် ဖန်တီးမှု | ကိုယ်တိုင်စာစီကုံးရေးသားတာကသာ တန်ဖိုးအစစ်အမှန် | AI ကို မူကြမ်းရေးခိုင်းပြီးမှ ပြင်ဆင်တာက ပိုမြန်ဆန်တဲ့ ဖန်တီးမှုလို့ ယူဆ |

(ခ) **ကျင့်ဝတ်ပိုင်းဆိုင်ရာ ပွတ်တိုက်မှုနဲ့ ကုစားမှု**

(၁) ကျောင်းသားတွေအတွက်ပညာရေး ဖြောင့်မတ် တည်ကြည်မှုဆိုင်ရာ စိန်ခေါ်မှုတွေဖြစ်တဲ့ AI ကို အသုံးပြုပြီး စာခိုးချတာမျိုးနဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်း ပျောက်ဆုံးတာမျိုးအတွက် AI ကို ‘အဖြေထုတ်စက်’အဖြစ် မသုံးဘဲ ‘စဉ်းစားဖော်’အဖြစ်သုံးတတ်အောင် လေ့ကျင့်ပေးရပါမယ်။

(၂) ဆရာတွေအတွက် ပညာရှင်ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုတွေဖြစ်တဲ့ AI ဖော်ထုတ်ရေး ကိရိယာတွေကို အလွန်အကျွံအားကိုးပြီး ကျောင်းသားကို မှားယွင်းစွပ်စွဲမိတာမျိုး၊ AI ရဲ့ ဘက်လိုက်မှုတွေကို မစိစစ်ဘဲ သင်ကြားမိတာမျိုးတွေ မဖြစ်စေဖို့နဲ့ နည်းပညာကို မျက်စိမှိတ်ယုံကြည်မိတာမျိုး မဖြစ်စေဖို့အတွက် ဆရာရဲ့ ဆန်းစစ်သုံးသပ်မှုကို အမြဲတမ်းထည့်သွင်းစဉ်းစားပေးရမှာ ဖြစ်ပါတယ်။

## AI ခေတ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် ဆရာ့ဝတ်နဲ့ တပည့်ဝတ်ဆိုရာဝယ်

မြန်မာ့ထုံးတမ်းစဉ်လာ ဆရာ့ဝတ်နဲ့ တပည့်ဝတ်တွေဟာ AI ခေတ်မှာ လူသားဓလေ့ အခြေခံပညာရေးတန်ဖိုးတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် အဓိကသော့ချက်ဖြစ်လာပါတယ်–

(က) **AI ခေတ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဆရာ့ကျင့်ဝတ်ငါးဖြာ**။ AI ဟာ ဆရာကို အချိန်ကုန်သက်သာစေတဲ့ ကိရိယာအဖြစ် အကူအညီပေးနိုင်ပေမယ့် ဆရာရဲ့ လူသားဓလေ့ဆန်မှုက ပိုမိုအရေးကြီးလာပါတယ်။ ကျင့်ဝတ်တစ်ခုချင်း အဓိပ္ပာယ်ဖွင့်ရမယ်ဆိုရင်–

(၁) **အတတ်လည်းသင်**။ AI ကပေးတဲ့ အချက်အလက်တွေရဲ့ အနှစ်သာရကို လူ့ဘဝ၊ ယဉ်ကျေးမှုနဲ့ ဆက်စပ် အဓိပ္ပာယ် ဖွင့်ဆိုပေးသူ ဖြစ်ရပါမယ်။

(၂) **ပဲ့ပြင်ဆုံးမ**။ ဆရာက ကျောင်းသားရဲ့ ကိုယ်ကျင့်တရား၊ စိတ်ခံစားချက်နဲ့ လူမှုစွမ်းရည်ကို ပြုစုပျိုးထောင်ပေးတာမျိုးနဲ့ AI ကိုယ်ကျင့်တရားလုံခြုံမှု အကာအကွယ်ရှိစေဖို့အတွက် ဖန်တီးပေးရပါမယ်။

(၃) **သိပ္ပမချန်**။ ဝေဖန်ပိုင်းခြားနိုင်စွမ်းနဲ့ AI ကို ထိထိရောက်ရောက် အသုံးချနည်း Prompt Engineering လို ၂၁ ရာစု ကျွမ်းကျင်မှုတွေကို သင်ကြားပေးရပါမယ်။

(၄) **ဘေးရန်ဆီးကာ**။ ကျောင်းသားတွေကို ဉာဏ်ရည်တုစာတတ်မြောက်မှု (AI Literacy) နဲ့ ဒစ်ဂျစ်တယ်နိုင်ငံသားကျင့်ဝတ် (Digital Citizen-ship)တွေကို သိရှိလိုက်နာစေတာမျိုးနဲ့ သတင်းမှား၊ နည်းပညာသုံးရုပ်သံတုနဲ့ ဘက်လိုက်မှု၊ စာခိုးချမှုနဲ့ နည်းပညာမှီခိုမှုဆိုတဲ့ နည်းပညာရဲ့ အန္တရာယ်လေးမျိုးမှ ကာကွယ်ပေးနိုင်တဲ့ ဒစ်ဂျစ်တယ်ဘေးအန္တရာယ် ကာကွယ်သူ ဖြစ်ရပါမယ်။

(၅) **သင့်ရာအပ်ပို့**။ AI မှ ရရှိတဲ့ အချက်အလက်တွေကို အခြေခံပြီး ကျောင်းသားရဲ့ ဝါသနာ၊ စွမ်းရည်နဲ့ အနာဂတ်လမ်းကြောင်းအတွက် စိတ်နှလုံးနဲ့ ထွေးပွေ့ပြီး လမ်းညွှန်မှုပေးရပါမယ်။

(ခ) **AI ခေတ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ တပည့်ကျင့်ဝတ်ငါးဖြာ**။ မြန်မာ့ထုံးတမ်းစဉ်လာ တပည့်ဝတ်ငါးဖြာနဲ့အညီ ကျောင်းသားတွေအနေနဲ့ AI ကို ကျင့်ဝတ်သိက္ခာရှိရှိ၊ ထိထိရောက်ရောက် အသုံးပြုနိုင်ဖို့အတွက်ကတော့–

(၁) **ညီညာထကြွ**။ AI ကို တစ်ဦးတည်း သင်ယူတဲ့ ကိရိယာအနေမျိုးသာမက အဖွဲ့လိုက် လုပ်ဆောင်မှုအတွက်ကိုပါ အသုံးချပြီး လူသားအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တန်ဖိုးကို ထိန်းသိမ်းဖို့၊ AI ထံမှ အဖြေရယူတာထက် မေးခွန်းထုတ်စွမ်းရည်နဲ့ မိမိရဲ့ တွေးခေါ်မှုစွမ်းရည်ကို

**နည်းပညာကို ကြောက်ရွံ့မနေဘဲ ဆရာရဲ့ ရင့်ကျက်မှု၊ ကျောင်းသားရဲ့ စူးစမ်းလိုစိတ်နဲ့ AI ရဲ့ စွမ်းရည်တို့ကို ပေါင်းစပ်သုံးစွဲနိုင်ရင် ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာမှာ မလွဲကေန်ဖြစ်တာကြောင့် AI ကို ဗီလိန်မဟုတ်ဘဲ အခွင့်အလမ်းအဖြစ် နားလည်လက်ခံသင့်ပါတယ်။ ဒီသုံးပွင့်ဆိုင်ပေါင်းစပ်မှုကို မြန်မာ့အစဉ်အလာ ဆရာ-တပည့်ကျင့်ဝတ်က ဟန်ချက်ညီပေးထားမှာလည်းဖြစ်လို့ လူသားဓလေ့တန်ဖိုးတွေကို ထိန်းသိမ်းထားတဲ့ ပညာရေးခေတ်သစ်တစ်ခုကို ဖန်တီးနိုင်မှာဖြစ်**

*စာမျက်နှာ ၇ သို့*




# တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း ဖွင့်ပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း၊ ပါတီနိုင်ငံရေး ကင်းကင်းရှင်းရှင်းဖြင့် ပညာရေးရည်မှန်းချက် လုပ်ငန်းတာဝန်များကို တစိုက်မတ်မတ် လုပ်ဆောင်အကောင်အထည်ဖော်ကြရန်နှင့် နိုင်ငံ၏ စီမံအုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်နှင့် အောင်မြင်စွာ လည်ပတ်နိုင်ရေး၊ နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာန ရှစ်ခုမှ သင်တန်းသား ၆၇ ဦး၊ သင်တန်းသူ ၃၀၇ ဦး စုစုပေါင်း ၃၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည် ဖြစ်သည်။

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်စစ်ရေးပြကွင်းတွင် သင်တန်းသား သင်တန်းသူများ၏ လက်နက်ငယ်နှင့် စစ်ရေးပြ သင်ခန်းစာ လေ့ကျင့်သင်ကြားနေမှု၊ သင်တန်းအလိုက် သင်တန်းခန်းမများ၌ သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာ ပို့ချနေမှု၊ တက္ကသိုလ်စာကြည့်တိုက် ပြင်ဆင်ဆောင်ရွက်ထားမှု၊ တက္ကသိုလ်မှ သင်တန်းရိက္ခာအတွက် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စံပယ်ဆောင်တွင် အရာထမ်းငယ် သင်တန်းအမှတ်စဉ် (၁၀၅)မှ သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျွန်းစုမြို့နယ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကျွန်းစု ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးသန္တာဖြိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာကြသည်။

ထို့နောက် ပျော်ရွှင်ဖွယ်ကစားနည်းများဖြင့် ပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



*စာမျက်နှာ ၆ မှ*

တက်ကြွစွာ မြှင့်တင်တာမျိုးနဲ့ ဉာဏ်ပညာဖြင့်ကြိုးစားမှု ပုံစံသစ်သို့ ပြောင်းလဲရပါမယ်။

(၂) **ဆုံးမနာယူ**။ AI ရဲ့အဖြေတွေကို လုံးဝဥဿုံအမှန်လို့ မမှတ်ယူလိုက်ဘဲ ဆရာရဲ့ လမ်းညွှန်မှုကို ခံယူပြီး ဝေဖန်ပိုင်းခြားစစ်ဆေးတဲ့ လေ့ကျင့်မှုနဲ့ AI နဲ့ ဆရာရဲ့ အခန်းကဏ္ဍနှစ်ရပ်ကို ပေါင်းစပ်လက်ခံပြီး မိမိရဲ့ ကိုယ်ပိုင် ဝေဖန်ပိုင်းခြားနိုင်စွမ်းကို တည်ဆောက်ရပါမယ်။

(၃) **လာမူကြိုဆီး**။ ဒစ်ဂျစ်တယ်လောကဝတ်ဖြင့် ဆရာကို လေးစားမှုပြုရပါမယ်။ (ဥပမာ- AI အသုံးပြုမှုကို ပွင့်လင်းမြင်သာစွာ တင်ပြဖို့)

(၄) **ထံနီးလုပ်ကျွေး**။ မိမိသိရှိထားတဲ့ နည်းပညာအသစ်တွေနဲ့ AI Tool တွေကို ဆရာနဲ့ အတန်းဖော်တွေထံ မျှဝေကူညီတာနဲ့ AI ရဲ့အဖြေတွေကို ကိုယ်တိုင် နားလည်စစ်ဆေးပြီး သင်ယူမှုဝန်းကျင်အတွင်း ရှင်းပြ အကူအညီပေးတာမျိုး အစရှိတဲ့ AI ကို ကိုယ်ပိုင်အကျိုးအတွက်သာမက အသိပညာမျှဝေ၊ ပူးပေါင်းလေ့လာမှုကို အားပေးတဲ့ လူမှုတာဝန်ယူစိတ်နဲ့ သုံးစွဲရပါမယ်။

(၅) **သင်တွေးအံ့ရွတ်**။ AI ရဲ့ အကူအညီနဲ့ အချက်အလက်တွေကို အာဂုံဆောင်ဖို့ လိုအပ်ချက်လျော့ကျသွားတာနဲ့ အမျှ ပိုရလာတဲ့အချိန်ကို ပေါင်းစပ်ဖန်တီးတာမျိုးနဲ့ အကဲဖြတ်တာမျိုးစတဲ့ အဆင့်မြင့်တွေးခေါ်မှုစွမ်းရည် ဖွံ့ဖြိုးစေဖို့အတွက် အသုံးချရပါမယ်။

### ထည့်သွင်းစဉ်းစားရမယ့်အချက်များ

AI ဟာ ပညာရေးအတွက် အံ့သြဖွယ်ကိရိယာတစ်ခုဖြစ်ပြီး သင်ယူမှုကို အဆင်ပြေစေတဲ့ အကျိုးကျေးဇူးများစွာ ပေးနိုင်ပါတယ်။ ဒါပေမယ့် AI ကို အသုံးပြုတဲ့အခါ အမှားအယွင်းတွေနဲ့ အခြေအမြစ်မရှိတဲ့ အချက်အလက်တွေ ထွက်ပေါ်နိုင်တာမျိုးနဲ့ ဒေတာ အရင်းအမြစ်တွေကနေ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ဘာသာစကားဆိုင်ရာ ဘက်လိုက်မှုတွေ ပါဝင်နိုင်တာကိုတော့ သတိပြုဖို့လိုအပ်ပါတယ်။ ဒါကြောင့် AI ကို တိကျမှန်ကန်စွာ အသုံးချနိုင်ဖို့အတွက် ဆရာရဲ့ လမ်းညွှန်မှုနဲ့ ကိုယ်ပိုင်ဝေဖန်ပိုင်းခြားတတ်မှုစွမ်းရည်ကို ပေါင်းစပ်အသုံးချမှသာ ပညာရေးအတွက် ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။

အနာဂတ်ပညာရေးမှာ မိဘရဲ့ အခန်းကဏ္ဍကလည်း အရေးပါလာမှာဖြစ်ပါတယ်။ မိဘတွေဟာ ကလေးတွေကို ကျင့်ဝတ်နဲ့ကိုက်ညီတဲ့ AI ကို ဘေးကင်းစွာ အသုံးပြုနည်း၊ အင်တာနက်ပေါ်က သတင်းမှားတွေကို စိစစ်နိုင်တဲ့ နည်းလမ်းတွေကို အိမ်မှာပဲ စောစီးစွာ လမ်းညွှန်ပေးနိုင်တဲ့ ပထမဆုံး လမ်းပြသူအဖြစ် ရပ်တည်ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် AI နဲ့ Screen Time များလာတာကြောင့် ဖြစ်နိုင်တဲ့ ဆိုးကျိုးတွေကို ကာကွယ်ဖို့၊ ကလေးတွေ လူမှုရေး၊ စိတ်ခံစားချက်နဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို အိမ်ဝန်းကျင်မှာ ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ AI ခေတ်မှာ မိဘတွေဟာ နည်းပညာကို အတူတကွသင်ယူပြီး ကလေးတွေရဲ့ ပညာရေးခရီးမှာ အပြုသဘောဆောင်တဲ့ ပူးပေါင်းသင်ဖော်အဖြစ် ပါဝင်နိုင်ဖို့လည်း အရေးကြီးပါတယ်။

AI ရဲ့ အကျိုးကျေးဇူးတွေကို အင်တာနက်နဲ့ နည်းပညာအခက်အခဲရှိတဲ့ ကျေးလက်ဒေသတွေမှာလည်း ရယူနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် Khan Academy Lite၊ Google Go စတဲ့ Offline/ Low–Tech ကိရိယာတွေ အသုံးချတာ၊ အသိုက်အဝန်းဗဟိုပြုသင်ယူမှုစင်တာတွေ တည်ဆောက်တာ၊ SMS သို့မဟုတ် အသံဖိုင်တို့တွေနဲ့ သင်ခန်းစာတွေ ဖြန့်ဝေတာနဲ့ ဆရာတွေကို မိုဘိုင်းဦးစားပေး နည်းလမ်းနဲ့ လေ့ကျင့်ပေးတာစတဲ့ ဗျူဟာတွေကို အကောင်အထည်ဖော်နိုင်ရင် ကျေးလက်ဒေသတွေမှာလည်း AI ကို ထိရောက်စွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။

### အနာဂတ်ပေါင်းစပ်မှုနဲ့ ကုစားနည်း

AI ခေတ်ပညာရေးရဲ့ အဓိကသော့ချက်က လူသားနဲ့ AI ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ လူသားရဲ့ စာနာစိတ်နဲ့ AI ရဲ့ စွမ်းရည်ကို ပေါင်းစပ်ဖို့အတွက် 'AI သုံးခြင်း = စာခိုးချခြင်း' နဲ့ 'AI မသုံးခြင်း= ခေတ်နောက်ကျခြင်း'ဆိုတဲ့ အမြင်မှားနေမှုကို ဖြေရှင်းဖို့ လိုအပ်ပါတယ်။ ဒီအတွက် ကျင့်ဝတ်နဲ့ ကိုက်ညီတဲ့ Ethical AI Usage ကို အလယ်လမ်းအဖြစ် ရွေးချယ်သုံးစွဲရပါမယ်။ AI ကို ပိတ်ပင်ခြင်းဟာ ၂၁ ရာစုကျွမ်းကျင်မှုတွေကို ပိတ်ဆို့ထားသလို ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အနာဂတ်ပညာရေးမှာ ဆရာ၊ ကျောင်းသားနဲ့ AI တို့ရဲ့ သုံးပွင့်ဆိုင် ပေါင်းစည်းဆောင်ရွက်မှုမော်ဒယ်ကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဒီမော်ဒယ်မှာ AI က အချက်အလက်ထုတ်ပေးသူ၊ ကျောင်းသားက ဝေဖန်ပိုင်းခြားသူ၊ ဆရာက တန်ဖိုးဖြတ်သူနဲ့ နည်းပြပေးသူအဖြစ် အခန်းကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် AIကြောင့်ဖြစ်ပေါ်နိုင်တဲ့ အခြေခံပြဿနာတွေကို အောက်ပါကုစားနည်းတွေနဲ့ ဖြေရှင်းဖို့ လိုအပ်ပါတယ်–

(က) **ဆရာနဲ့ AI ရဲ့ အချက်အလက် ဘယ်ဟာအမှန်ဖြစ်တယ်ဆိုတာ ရှုပ်ထွေးမှု**။ ဆရာကို အလုံးစုံသိသူအဖြစ် မဟုတ်ဘဲ အတူတကွလေ့လာသူအဖြစ် ခံယူပြီး ဆရာ–တပည့်–AI သုံးပွင့်ဆိုင် ဆွေးနွေးပွဲတွေ ဖန်တီးပါ။

(ခ) **အနှစ်သာရပျောက်ဆုံးမှု**။ ဆရာကို Content Provider အဖြစ် မဟုတ်ဘဲ အဓိပ္ပာယ်ဖွင့်ဆိုသူ၊ လမ်းပြသူအဖြစ် ပြောင်းလဲကာ လူသားဓလေ့တန်ဖိုးတွေကို ဖြည့်ဆည်းစေပါ။

(ဂ) **အခြေခံတွက်ချက်မှုနဲ့ ရေးသားမှုစွမ်းရည်ပျောက်ဆုံးမှု**။ စာမေးပွဲတွေကို သုံးသပ်ချက်အက်ဆေး၊ နှုတ်ဖြေနဲ့ အဖွဲ့လိုက် ပရောဂျက်တင်ပြမှု စတာမျိုး လူကိုယ်တိုင်ပါဝင်မှုကို ဦးစားပေးအကဲဖြတ်စစ်ဆေးမှုပုံစံသို့ ပြောင်းလဲပါ။

(ဃ) **နည်းပညာမရှိရင် မလုပ်တတ်မှု**။ ရလဒ်ကိုသာမက လုပ်ငန်းစဉ်ကိုပါ အမှတ်ပေးပါ။ AI မပါဘဲ စဉ်းစားရတဲ့ သင်ကြားမှုတွေ ထည့်သွင်းပါ။

(င) **စာခိုးချတာကို သာမန်ကိစ္စလို့ ထင်မြင်လာမှု**။ AI အသုံးပြုမှုမူဝါဒကို တိတိကျကျချမှတ်ပြီး စာခိုးချမှု၊ ဘက်လိုက်မှု၊ သတင်းမှား စတဲ့အကြောင်းအရာတွေကို သီးခြားသင်ရိုးအဖြစ် သင်ကြားပေးပါ။

အနာဂတ်ပညာရေးရဲ့ အောင်မြင်မှုက AI ရဲ့ ဒေတာတိကျမှု၊ ဆရာရဲ့ ဉာဏ်ပညာနဲ့ လမ်းညွှန်မှု၊ ကျောင်းသားရဲ့ ကိုယ်ပိုင်ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်နိုင်စွမ်းဆိုတဲ့ ကဏ္ဍသုံးရပ် ညီညွတ်မျှတပေါင်းစပ်နိုင်မှုအပေါ် မူတည်ပါတယ်။ ဒါကြောင့် AI ခေတ်ပညာရေးဆိုတာ ကောက်ရိုးပုံထဲကအပ်ကို ရှာတာမျိုး မဟုတ်တော့ပါဘူး။ သတင်းအချက်အလက်ဆိုတဲ့ ကောက်ရိုးပုံကြီးထဲမှာ အပ်နဲ့တူတဲ့ အဖြေမှန်ကို ရှာတာထက် ကောက်ရိုး(Data)ကို မီးမရှို့မိလိုက်ဘဲ ရွှေ(Wisdom) ဖြစ်အောင် ဖန်တီးနိုင်ဖို့က ပိုပြီးလိုအပ်ပါတယ်။

အချုပ်အားဖြင့် AI က ဆရာကို အစားထိုးဖို့ မဟုတ်သလို ကျောင်းသားတွေရဲ့ မေးခွန်းတိုင်းကို ပြည့်စုံစွာ ဖြေရှင်းပေးနိုင်သူလည်း မဟုတ်ပါ။ ဒါပေမယ့် သူကမညည်းမညူ အတူရှိနိုင်တဲ့ ပညာရေးအဖော်မွန်အဖြစ် ပေါ်ထွန်းလာခဲ့ပါတယ်။ အရေးကြီးတာက AI ကို နောက်ခံကူညီကိရိယာအဖြစ်သာထားပြီး အဓိကအဖြေရှာသူနဲ့ ဆုံးဖြတ်ချက်ချသူအဖြစ် ဆရာနဲ့ ကျောင်းသားတို့က ဆက်လက်ရပ်တည်ဖို့ ဖြစ်ပါတယ်။

နည်းပညာကို ကြောက်ရွံ့မနေဘဲ ဆရာရဲ့ ရင့်ကျက်မှု၊ ကျောင်းသားရဲ့ စူးစမ်းလိုစိတ်နဲ့ AI ရဲ့ စွမ်းရည်တို့ကို ပေါင်းစပ်သုံးစွဲနိုင်ရင် ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာမှာ မလွဲကေန်ဖြစ်တာကြောင့် AI ကို ဗီလိန်မဟုတ်ဘဲ အခွင့်အလမ်းအဖြစ် နားလည်လက်ခံသင့်ပါတယ်။ ဒီသုံးပွင့်ဆိုင်ပေါင်းစပ်မှုကို မြန်မာ့အစဉ်အလာ ဆရာ–တပည့် ကျင့်ဝတ်က ဟန်ချက်ညီပေးထားမှာလည်းဖြစ်လို့ လူသားဓလေ့တန်ဖိုးတွေကို ထိန်းသိမ်းထားတဲ့ ပညာရေးခေတ်သစ်တစ်ခုကို ဖန်တီးနိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူ ကျေးရွာအုပ်စုရှိ တောင်သူ ဦးကျော်ဝင်းအောင်၏ ဆီထွက်သီးနှံနေကြာစိုက်ခင်းများနှင့် Drum Seeder ဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်ခင်းများကို လည်းကောင်း၊ တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာ အုပ်စုရှိ တောင်သူ ဦးတင်အောင်ကျော်၏ Drum Seeder ဖြင့် စိုက်ပျိုးသည့်နွေစပါးစိုက်ခင်းများကို လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် သီးနှံအလိုက် ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၁)ရပ်ကွက်အနီး ရေကြီးရေလျှံမှု ကာကွယ်ရေးတာနှင့် အဖျောက်မြို့ မြစ်ကမ်းပါးကြွခိုင်မှု အခြေအနေကို လည်းကောင်း၊ တိုက်ကြီးမြို့နယ် ပန်းတုန်းပိတ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ပန်းတုန်းပိတ်ကျေးရွာ ကမ်းပြိုကာကွယ်ရေး ဖြစ်သည့် Bored Pile အခြေပြု ကျောက်စီနံရံအလျား ပေ ၂၀၀ ဆောင်ရွက်ပြီးစီးမှု၊ ကြွေပန်းကန်ချောင်း ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် Geobag အခြေပြု Geotextile ကမ်းထိန်းတမံ အလျားပေ ၅၀၀ ဆောင်ရွက်ပြီးစီးမှုနှင့် ရေကာ ဟောင်းများ ပြုပြင်ထိန်းသိမ်းပြီးစီးမှုအခြေအနေနှင့် အဖျောက်မြို့ ရေလမ်းတည်ငြိမ်ကောင်းမွန်ပြီး ကမ်းပြိုမှုမှကင်းဝေးစေရေးအတွက် ရေလမ်းပြုပြင် ထိန်းသိမ်းရေးအစီအမံတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ ရေရှည်တည်တံ့ရေးနှင့် အချိန်မီ ပြီးစီးရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအုပ်စုတွင် သပြေတန်းလှျပ်စစ်မြစ်ရေတင်အစီအစဉ်ဖြင့် မြစ်ရေပေးဝေနေမှုနှင့် ဆိုလာများ တပ်ဆင်ထားရှိမှုကို လည်းကောင်း၊ ၂၀၂၅-၂၀၂၆ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တိုက်ကြီးမြို့နယ် ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ- ရွာသာလမ်း မိုင်တိုင် ၂၁ မိုင်မှ ၂၂ မိုင်အတွင်း ၁၈ ပေ အကျယ် ကွန်ကရစ်လမ်း တိုးချဲ့ဆောင်ရွက်နေမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နူကျန်းပြည်နယ်ခွဲအကြား နားလည်မှုစာချွန်လွှာ စိစစ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေအစီအစဉ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ ဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သော ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် စီးပွားရေးရာဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ် ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ အလေးထားလိုက်နာဆောင်ရွက်ရမည့် ညွှန်ကြား ချက်များကို လည်းကောင်း၊ ပြည်နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာန၊ အဖွဲ့ အစည်းများ၏ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တွင် ပါဝင်သည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း များနှင့် စပ်လျဉ်း၍ ပြီးစီးအောင်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြ သည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ညွှန်ကြားချက်နှင့်အညီ အချိန်မီပြီးစီး အောင် ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဆိုပါအစည်းအဝေး ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် နုကျန်းပြည်နယ် ခွဲ ပြည်သူ့အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ (မူကြမ်း)နှင့် စပ်လျဉ်း၍ စိစစ်ရေးကော်မတီအဖွဲ့ဝင် များ၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာ စကား ပြောကြားသည်။

ထို့နောက် နားလည်မှုစာချွန်လွှာစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက နားလည်မှုစာချွန်လွှာ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြင်ဆင်ပေးပို့လာမှုအပေါ် ဆွေးနွေးဆောင်ရွက် သွားရမည့် လုပ်ငန်းစဉ်များနှင့် စိစစ်ရေးကော်မတီ အတွင်းရေးမှူးက နားလည်မှုစာချွန်လွှာ(မူကြမ်း) ပါ အချက်များ ပြင်ဆင်ပေးပို့လာမှုအပေါ် စာပိုဒ် တစ်ခုချင်းအလိုက် ပြင်ဆင်ဖြည့်စွက်ပေးရမည့် အချက်အလက်များကို တင်ပြကြရာ တက်ရောက်လာ သည့် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ပြင်ဆင်ပေးပို့ နိုင်ရေးနှင့် စာချွန်လွှာမူကြမ်းပါ အချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ် မှုကော်မတီ၏ (၁/၂၀၂၆) ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည် ဖော်နိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေဆိုင်ရာ များကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါ အဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း နှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့ မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်း ဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေး ကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စု ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက် သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူ ခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလို ပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၁၈**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာကျောင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

ထို့နောက် (၆၄)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပမည့် ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာကွင်းသို့ သွားရောက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံ နေကြာ၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် သီးပင်စားပင်များဖြစ်သည့် သခွား၊ ဘူး၊ ကန်စွန်း၊ ငရုတ်၊ မုန်လာ၊ ချဉ်ပေါင်၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီ၊ သခွား၊ မုန်လာဥ၊ သဘော်ာ စသည့်စိုက်ခင်းများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သီးပင်စားပင်များကို စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ စိုက်ပျိုးရန်၊ ပိုးမွှားများကျရောက်မှုမရှိစေရေး၊ သီးပင်စားပင်များအချိန်မီသီးပွင့်ရေး၊ သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများကို တောင်သူအသိပညာပေးပြသနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်း၌ ဖူဆယ်အားကစားရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့ ကန်သုံးဆင့်အပန်းဖြေဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကာ ပန်းခြံစိမ်းလန်းစိုပြည်ရေး သစ်ပင်



ပန်းပင်များ တိုးချဲ့စိုက်ပျိုးရန်နှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ သားဖွားခန်းအဆောက်အအုံဖွင့်လှစ်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ပိုင် သားဖွားခန်းအဆောက်အအုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးတွင် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြားလူမှုရေးအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုအသင်းပိုင် သားဖွားခန်းအဆောက်အအုံ အသစ်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အသစ် ပြန်လည်တည်ဆောက်ကာ အောင်မြင်စွာဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ထို့နောက် သားဖွားခန်း အဆောက်အအုံအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ချီးမြှင့်ငွေပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှတ်တံဆိပ်ရုပ်တုနှင့် ဆိုင်းဘုတ်တို့ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး သားဖွားခန်းအဆောက်အအုံကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြကာ အဆောက်အအုံဖွင့်ပွဲတွင် ပါဝင်ကူညီပေးကြသော ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် အေရိုးဗစ်အဖွဲ့မှ ကျောင်းသား ကျောင်းသူများကို ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**အစည်းအဝေးတက်ရောက်**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ သာမန်၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးဆိုင်ရာ အွန်လိုင်းသင်တန်းတွင် ပခုက္ကူမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၉၈၅ ဦး တက်ရောက်သင်ယူ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၈**

မတ်လအတွင်း ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးမှ (Grade-12) ကျောင်းသား ကျောင်းသူများ အားလုံး ဝင်ရောက်ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးတို့အတွက်ရည်ရွယ်၍ မကွေးတက္ကသိုလ်မှ သင်ကြားပို့ချသော တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (Online Class) သင်တန်းတွင် ပခုက္ကူမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၉၈၅ ဦး တက်ရောက်သင်ယူခဲ့ကြကြောင်း သိရသည်။



**သိကောင်းစရာများ သင်ကြားပို့ချ**

သင်တန်းတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က Video Conferencing ဖြင့် အဖွင့်အမှာစကား ပြောကြားပြီး မကွေးတက္ကသိုလ်မှ ပါမောက္ခများက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် (Grade-12) ကျောင်းသား ကျောင်းသူများ ကြိုတင်ပြင်ဆင်လေ့ကျင့် ကျက်မှတ်သင့်သည့် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကိုသင်ကြားပို့ချပေးကြသည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ပခုက္ကူတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်နှင့် ကျွန်းရွှေဝါခန်းမ၊ အခြေခံပညာအထက်တန်းကျောင်း(ဝါဇီ)ခန်းမတို့တွင် ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်းကျောင်းများရှိ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် (Grade – 12) ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ယူခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဘာသာရပ်ဌာနများမှ ပါမောက္ခ (ဌာနမှူး) များ တက်ရောက်ကြပြီး ဘာသာရပ်များအလိုက် သင်ကြားပို့ချနေမှုအပေါ် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာနှင့် စိတ်အေးချမ်းသာစွာ တက်ရောက်သင်ယူနိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂၂)

## ဩစတြေးလျနိုင်ငံ တက္ကသိုလ်များတွင် ကျင့်သုံးလျက်ရှိသော ခရက်ဒစ်ယူနစ်စနစ်များ၊ စုပေါင်းသင်ကြားနည်းစနစ်နှင့် တက္ကသိုလ်စီမံ၊ အုပ်ချုပ်ရေးအဖွဲ့

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေး နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းမှာ စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းပညာရေးတို့ တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်လာပါသည်။ ပါမောက္ခဒင်နီယယ်တန် (Professor Daniel Tan)၏ ဖိတ်ကြားမှုကြောင့် စာရေးသူ ဆစ်ဒနီတက္ကသိုလ် ခေတ္တရောက်ရှိနေစဉ် စိုက်ပျိုးရေးပညာ သင်ကြား၊ သုတေသန (Australian Agricultural Research and Education) ပြုနေမှုများကို အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)

**(က) ဩစတြေးလျအဆင့်မြင့်ပညာရေး၏ ခရက်ဒစ်ယူနစ်စနစ်များနှင့် ရမှတ်တိုင်းတာမှုများ**


ဩစတြေးလျ အဆင့်မြင့်ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တူညီသော စံနှုန်းများနှင့် တက္ကသိုလ်တစ်ခုချင်းစီ၏ ကိုယ်ပိုင်စီမံခန့်ခွဲမှုစနစ်များကို ပေါင်းစပ်အသုံးပြုထားပါသည်။ အဓိကအားဖြင့် အမျိုးသားအဆင့် သတ်မှတ်ထားသော အချိန်ပြည့် ကျောင်းသား ကျောင်းသူလေ့လာမှုစံနှုန်းစနစ်နှင့် တက္ကသိုလ်အလိုက် အသုံးပြုသော ခရက်ဒစ်အမှတ်စနစ်ဟူ၍ နှစ်မျိုးရှိပါသည်။

**(က-၁) အမျိုးသားစံနှုန်း။** ကျောင်းသားတစ်ဦး၏ တစ်နှစ်တာ အချိန်ပြည့်သင်ယူမှု ပမာဏကို တိုင်းတာသည့် စံနှုန်းဖြစ်သည်။

- ၁.၀ အမျိုးသားစံနှုန်းသည် ကျောင်းသားတစ်ဦး အတွက် တစ်နှစ်စာ (ပုံမှန်အားဖြင့် နှစ်ဝက် Semester နှစ်ခု) သင်ယူမှုပမာဏဖြစ်သည်။
- အစိုးရထောက်ပံ့ကြေးများ တွက်ချက်ရန်နှင့် နိုင်ငံတကာကျောင်းသား ကျောင်းသူများ ဗီဇာ စည်းကမ်းများအတွက် ဤစံနှုန်းကို အသုံးပြုပါသည်။

**(က-၂) တက္ကသိုလ်အလိုက် ခရက်ဒစ်ယူနစ်စနစ်များ**

ဩစတြေးလျ၏ ထိပ်တန်းတက္ကသိုလ်များတွင် ယေဘုယျအားဖြင့် အသုံးပြုပုံမှာ အောက်ပါအတိုင်း ကွဲပြားကြပါသည် -




နှစ်ခုပေါင်းသင်ယူလေ့လာခြင်းစနစ်။

ဥပမာ - ဆစ်ဒနီတက္ကသိုလ် စိုက်ပျိုးရေးပညာ အထူးပြု အချိန်ပြည့် ကျောင်းသား ကျောင်းသူ တစ်ဦးသည် တစ်နှစ် ၈-ဘာသာ (နှစ်ဝက်သင်ရိုး တစ်ခုလျှင် ၄-ဘာသာ နှုန်း) သင်ယူရလေ့ရှိပါသည်။ အချိန်ပိုင်း ကျောင်းသား ကျောင်းသူများသည် တစ်နှစ် အများဆုံး ၆-ဘာသာ သင်ယူနိုင်ပါသည်။ တစ်ပတ်အတွင်း ကျန်သောအချိန်များတွင် စာကြည့်တိုက် အသုံးပြုခြင်းအပါအဝင် မိမိကိုယ်တိုင်လေ့လာသင်ယူမှုနှင့် နှစ်မျိုးစုပေါင်းသင်ကြားမှုစနစ်ဖြင့်


| တက္ကသိုလ်အမည် | တစ်နှစ်စာ ခရက်ဒစ် (1.0 EFTSL) | ဘာသာရပ်တစ်ခု တန်ဖိုး (အမှတ်/ယူနစ်) |
|---|---|---|
| မဲလ်ဘုန်းတက္ကသိုလ် University of Melbourne (UoM) | ၁၀၀ မှတ် (100 Points) | ၁၂ ဒသမ ၅ |
| ဆစ်ဒနီတက္ကသိုလ် University of Sydney (USyd) | ၄၈ မှတ် (၈-ဘာသာ) (48 Credit Points) | ၆ ဒသမ ၀ |
| ကွင်းစလန်တက္ကသိုလ် University of Queensland (UQ) | ၁၆ ယူနစ် (16 Units) | ၂ ဒသမ ၀ |
| နယူးဆောက်ဝေးလ်တက္ကသိုလ် University of NSW | ၄၈ ယူနစ် (48 UOC) | ၆ ဒသမ ၀ |
| မိုနတ်ရှ်တက္ကသိုလ် Monash University | ၄၈ မှတ် (48 Points) | ၆ ဒသ ၀ |

> **"ခရက်ဒစ်ယူနစ်စနစ်မှာလည်း တက္ကသိုလ်ပထမနှစ်တွင် အထူးပြုလေ့လာမည့် ဘာသာရပ်များအလိုက် အခြေခံဘာသာရပ်များ သင်ကြားလေ့လာပြီး ဒုတိယ၊ တတိယနှစ်များမှစ၍ ကျောင်းသား ကျောင်းသူများ အထူးပြုဘာသာစိတ်အလိုက် သင့်တော်သောဘာသာရပ်များ စိတ်ကြိုက်ရွေးချယ်သင်ယူစေကာ လိုအပ်သည့် ဘာသာများကို အဓိကလေ့လာသုတေသနပြုပြီး စိုက်ပျိုး၊မွေးမြူ၊ သစ်တော၊ ပတ်ဝန်းကျင်ဘာသာရပ်များအပါအဝင် ဘာသာရပ်ပေါင်းစုံသင်ကြားသုတေသနပြုလာသော သုတေသနအခြေပြုတက္ကသိုလ်များဖြစ်လာပါက နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးလိုအပ်ချက်များကို တက္ကသိုလ်များမှ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းကာ လယ်ယာကဏ္ဍ လိုအပ်ချက်များကို ရှာဖွေဖြေရှင်း၊ သုတေသနပြု ဆောင်ရွက်ပေးလာနိုင်မည်"**

မိမိပညာရပ်များကို အချိန်ပြည့်လေ့လာသင်ယူနေရပါသည်။

**(ခ) စုပေါင်းသင်ကြားနည်းစနစ်**

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အွန်လိုင်းမှ ပညာသင်ယူခြင်းဆိုသည်မှာ အင်တာနက်နည်းပညာကိုအသုံးပြု၍ ပညာရေးသင်ခန်းစာများကို အွန်လိုင်းမှတစ်ဆင့် သင်ယူနိုင်ရန် စီစဉ်ထားသော ပညာရေးအစီအစဉ်များဖြစ်ပါသည်။ ယခင်မူလရှေးရိုးစနစ်အတိုင်း လူချင်းတွေ့သင်ကြားမှုနှင့် အွန်လိုင်း/ အဝေးသင်စနစ် ပညာသင်ကြားမှုပူးတွဲဖွင့်လှစ်နေသော အစီအစဉ်များကို စုပေါင်းသင်ကြားနည်းစနစ်ဟူ၍ ခေါ်ဆိုပါသည်။ ဤစနစ်မှာ တစ်ခုတည်းသော သင်ခန်းစာပုံစံမဟုတ်ဘဲ အွန်လိုင်းပညာရေးနည်းလမ်းနှင့် လူကိုယ်တိုင်တက်ရောက်သောသင်ယူမှု (မူလအတိုင်း သင်ကြားပုံ- Traditional Teaching & Learning Method) ကို ထပ်မံပေါင်းစပ်သုံးစွဲသည့် ပညာရေးနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ဤနည်းလမ်းက ဆရာ/ဆရာမ၏ မျက်နှာချင်းဆိုင်သင်ကြားမှုနှင့် အွန်လိုင်းသင်ခန်းစာများကို တစ်ခုလုံး ကြိုတင်စီမံထားသော ဒီဇိုင်းအောက်၌ ပေါင်းစပ်သင်ကြားပေးခြင်းဖြစ်ပါသည်။




ဆစ်ဒနီတက္ကသိုလ် အမြင့်ဆုံးစီမံအုပ်ချုပ်ရေးအဖွဲ့။

**(ဂ) တက္ကသိုလ်၏စီမံအုပ်ချုပ်ရေးအဖွဲ့**

တက္ကသိုလ်ဆီးနိတ်/ကောင်စီသည် ဆစ်ဒနီတက္ကသိုလ်၏ အမြင့်ဆုံးအုပ်ချုပ်ရေးအဖွဲ့ ဖြစ်ပါသည်။

ဆစ်ဒနီတက္ကသိုလ်ဆီးနိတ်ကို ၁၉၈၉ ခုနှစ် တက္ကသိုလ်အက်ဥပဒေအောက်တွင် ဖွဲ့စည်းထားပြီး တက္ကသိုလ်အဓိပတိက ဦးဆောင်ပါသည်။ တစ်နည်းအားဖြင့် တက္ကသိုလ်တစ်ခုလုံး၏ ဒါရိုက်တာဘုတ်အဖွဲ့လိုမျိုးဖြစ်ပါသည်။ တက္ကသိုလ်၏ အနာဂတ်လမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ တာဝန်ခံမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ကာကွယ်ပေးခြင်း စသည်တို့ကို ဆုံးဖြတ်ချက်ချပေးပါသည်။

တက္ကသိုလ်အဓိပတိနှင့် ပြင်ပအဖွဲ့ဝင်များက လစာမယူဘဲ ဂုဏ်ထူးဆောင်ရာထူးဖြစ်ပါသည်။ တက္ကသိုလ်မှ လစာယူသော ပါမောက္ခချုပ်နှင့် ပါမောက္ခအချို့က အဖွဲ့ဝင်ဖြစ်ပါသည်။

ဆစ်ဒနီတက္ကသိုလ်၏ လက်ရှိအဓိပတိမှာ မစ္စတာဒေးဗစ်သိုဒေး (Mr. David Thodey) ဖြစ်ပြီး သူ၏ လက်ရှိအလုပ်မှာ တယ်စတာအုပ်စုအမှုဆောင်အရာရှိချုပ်(ငြိမ်း) (Former CEO of Telstra) နှင့် ဓနသဟာရ သိပ္ပံနှင့် နည်းပညာသုတေသနအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း) (Former Chair of CSIRO) ဖြစ်ပြီး လေးစားရသော စီးပွားရေးရာခေါင်းဆောင်တစ်ဦး (Respected Business Leader)ဖြစ်ပါသည်။

**အဓိကတာဝန်များ**

မဟာဗျူဟာမြောက် လမ်းညွှန်မှုအဖြစ် တက္ကသိုလ် အနာဂတ်ရည်မှန်းချက်များ/အမြော်အမြင်များ/လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ နှစ်စဉ်ရသုံးငွေစာရင်းနှင့် စီးပွားရေးစီမံချက် အတည်ပြုခြင်း၊ လက်ရှိအလုပ်လုပ်နေသော သင့်တော်သော ပါမောက္ခတစ်ဦးဦးကို ပါမောက္ခချုပ်၊ တက္ကသိုလ် (အမှုဆောင်အရာရှိချုပ် CEO လိုမျိုး)ကို ခန့်အပ်ပြီး သူ၏လုပ်ဆောင်မှုကို စောင့်ကြည့်ခြင်း၊ တက္ကသိုလ်ကို

*စာမျက်နှာ ၁၁ သို့*

# (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့၏ သရုပ်ပြတီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**၂၆ သင်း ပါဝင်ယှဉ်ပြိုင်**

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် ဂေဟစနစ်ကို အထောက်အကူပြုသည့် ပျားနှင့်အင်းဆက်တို့၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု ကွန်ရက် ခိုင်မာလာစေရန်နှင့် ဘက်စုံပညာရပ်ဆိုင်ရာ ချဉ်းကပ်မှုများဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် "သီးနှံများအထွက်တိုးရေးအတွက် ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့်အင်းဆက်သတ္တဝါများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းကာ ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် ဝတ်မှုန်ကူးမှု အထောက်အကူပြုသော ပျားနှင့်အင်းဆက်သတ္တဝါများနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ဂေဟဗေဒဘာသာရပ်ကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း၊ ပျားနှင့်အင်းဆက်ပိုးမွှားများသည် စိုက်ပျိုးသီးနှံများ၏ ဝတ်မှုန်ကူးမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယင်းတို့၏ ဝတ်မှုန်ကူးဆောင်ရွက်မှုကြောင့် သီးနှံအထွက်နှုန်းများ သိသိသာသာ တိုးတက်လာကြောင်း၊ ကမ္ဘာပေါ်ရှိ ပန်းပွင့်သည့်အပင်များ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ဝတ်မှုန်ကူးပြီး သန္ဓေအောင်မြင်ရန်အတွက် ဝတ်မှုန်ကူးမှု အထောက်အကူပြုသော ပျားနှင့် အင်းဆက်သတ္တဝါများ အကူအညီကို ရယူကြရကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဆင်းရွှေကြာ(၂) နေကြာမျိုးအား မျိုးမြှင့်တင်ရွေးချယ်ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် နေကြာစိုက်ပျိုးသူ တောင်သူလယ်သမားများပါ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲကို ပျားနှင့်အင်းဆက်ပိုးမွှားများ၏ သီးနှံအထွက်နှုန်းအပေါ် သက်ရောက်မှုဆိုင်ရာ ဗဟုသုတများကို မျှဝေနိုင်ရန်၊ ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့်အင်းဆက်၊ သတ္တဝါများ၏ ဂေဟစနစ်အတွင်း အရေးပါမှုနှင့် စိုက်ပျိုးရေးထွက်ကုန်တိုးတက်ရေးအတွက် မည်ကဲ့သို့ အထောက်အကူပြုကြောင်း နက်ရှိုင်းစွာ ဆွေးနွေးသုံးသပ်နိုင်ရန် ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် အွန်လိုင်းအသုံးပြု သင်ကြားပေး



**အထက်မင်းလှ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့် ဘာသာစုံဂုဏ်ထူးများ ရရှိစေရေးအတွက် အွန်လိုင်းမှ သင်ခန်းစာ လေ့လာသင်ကြားနိုင်ရေးကို ယနေ့ နံနက် ၉ နာရီခွဲက မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း (မင်းလက်ဝါးခန်းမ)၊ မြို့နယ်ခန်းမနှင့် အခြေခံပညာ အထက်တန်းကျောင်း(မလွန်)တို့၌ ဆောင်ရွက်ပေးခဲ့သည်။

Online Zoom ဖြင့် သင်ခန်းစာပို့ချမှု ပထမနေ့အဖြစ် မကွေးတက္ကသိုလ်မှ ဆရာကြီး ဆရာမကြီးများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်များအား ပို့ချပေးပြီး မင်းလှမြို့နယ်မှ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၉၉ ဦး တက်ရောက် လေ့လာသင်ကြားခဲ့သည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ သင်ကြားနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များမှ လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအွန်လိုင်းမှ Zoom Application ဖြင့် သင်ခန်းစာပို့ချခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

*စာမျက်နှာ ၁၀ မှ*

ကမ္ဘာ့အဆင့်မီ ယှဉ်ပြိုင်နိုင်အောင် ထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်ပါသည်။

ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် ကောင်းမွန်သောမူဝါဒနှင့် အုပ်ချုပ်မှုဘောင် သတ်မှတ်ခြင်း၊ ဥပဒေနှင့်ညီမညီ၊ လိုက်နာမှုရှိမရှိစောင့်ကြည့်ခြင်း၊ တက္ကသိုလ်အန္တရာယ်မရှိအောင် စီမံခန့်ခွဲခြင်း၊ အဆင့်ဆင့်တင်ပြမှုနှင့် ပွင့်လင်းမြင်သာမှုစနစ်ကောင်းများ ထိန်းသိမ်းခြင်း၊ တက္ကသိုလ်၏ နာမည်ကောင်းနှင့် ကျောင်းသားကျောင်းသူများ ယုံကြည်မှုကို ကာကွယ်၊ ထိန်းသိမ်းပေးပါသည်။

၎င်းအဖွဲ့က ပညာရေးအဖွဲ့မှနေ၍ သင်ကြားရေးနှင့် သုတေသနအရည်အသွေး စောင့်ကြည့်ခြင်း၊ ဘွဲ့ဒီဂရီ/ဒီပလိုမာများ ချီးမြှင့်ခြင်း၊ ကမ္ဘာ့အဆင့်တက္ကသိုလ်ဖြစ်ရန်မှာ အရေးကြီးဆုံးအပိုင်းဖြစ်ပါသည်။ ၎င်းတို့က တက္ကသိုလ်ငွေကြေးအရ/အသုံးအခြေအနေ စောင့်ကြည့်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဖြစ်လုပ်ငန်းများစီမံခြင်း၊ တက္ကသိုလ်နယ်မြေ၊ အဆောက်အအုံများဖွံ့ဖြိုးရေး စောင့်ကြည့်ခြင်း၊ သုတေသနဓာတ်ခွဲခန်းများ၊ နည်းပညာနေရာ၊ နယ်မြေခေတ်မီ၊ အရည်အသွေးကောင်းမှုများ ဖွံ့ဖြိုးအောင် ကူညီပေးပါသည်။

**စာရေးသူ၏အတွေးတစ်စ**


ဩစတြေးလျတက္ကသိုလ်များသည် အစိုးရနှင့် ကင်းကွာ၍ လုံးဝလွတ်လပ်စွာ စီမံဆောင်ရွက်နေသည်တော့မဟုတ်ပါ။ ငွေကြေးအရ၊ မူဝါဒအရ အစိုးရနှင့် စည်းချက်မှန်မှန် ချိတ်ဆက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ကောင်းသည့်အချက်မှာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူး စသည်တို့မှာ အမြဲတမ်းရာထူးမဟုတ်ဘဲ ပါမောက္ခများမှ နှစ်နှစ်တစ်ကြိမ် (သို့မဟုတ်)လေးနှစ်တစ်ကြိမ် အလှည့်ကျထမ်းဆောင်နေကြခြင်း ဖြစ်ပါသည်။ **(ပါမောက္ခ/ဌာနမှူးဆိုပြီး အငြိမ်းစားမယူမချင်း ထိပ်ကထိုင်နေသော စနစ်မဟုတ်ပါ)။**

ဆီးနိတ်/အုပ်ချုပ်ရေးအဖွဲ့က နှစ်လတစ်ကြိမ်လောက် အစည်းအဝေးခေါ်၍ ပါမောက္ခချုပ်နှင့် အဖွဲ့က တင်ပြ၊ ဆောင်ရွက်ချက်များကို စစ်ဆေး၊ မေးမြန်း၊ တည့်မတ် (Check & Balance) ဆောင်ရွက်ပေးနေသော အဖွဲ့ကြီးဖြစ်ပါသည်။ (၁၉၆၂ ခုနှစ်မတိုင်မီက ရန်ကုန်တက္ကသိုလ်ကြီးသည် အရှေ့တောင်အာရှဒေသတွင် နာမည်ကြီး တက္ကသိုလ်ကြီးအဖြစ် လွတ်လပ်စွာသင်ကြား သုတေသနပြုရင်း အောင်မြင်ကျော်ကြားခဲ့သည့်သာဓကေ ရှိခဲ့ဖူးပါသည်။)

**ခရက်ဒစ်ယူနစ်စနစ်**မှာလည်း တက္ကသိုလ်ပထမနှစ်တွင် အထူးပြုလေ့လာမည့် ဘာသာရပ်များအလိုက် အခြေခံဘာသာရပ်များ သင်ကြားလေ့လာပြီး ဒုတိယ၊ တတိယနှစ်များမှစ၍ ကျောင်းသား ကျောင်းသူများ အထူးပြုဘာသာစိတ်အလိုက် သင့်တော်သောဘာသာရပ်များ စိတ်ကြိုက်ရွေးချယ်သင်ယူစေကာ လိုအပ်သည့် ဘာသာများကို အဓိကလေ့လာသုတေသနပြုပြီး စိုက်ပျိုး၊ မွေးမြူ၊ သစ်တော၊ ပတ်ဝန်းကျင်ဘာသာရပ်များအပါအဝင် ဘာသာရပ်ပေါင်းစုံသင်ကြား သုတေသနပြုလာသော သုတေသနအခြေပြုတက္ကသိုလ်များ ဖြစ်လာပါက နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေး လိုအပ်ချက်များကို တက္ကသိုလ်များမှ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းကာ လယ်ယာကဏ္ဍ လိုအပ်ချက်များကို ရှာဖွေဖြေရှင်း၊ သုတေသနပြု ဆောင်ရွက်ပေးလာနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

❖ *ကျောဖုံးမှ*

သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၂၂) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်က ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂)ကို မည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်၊ တားမြစ်ချက်နဲ့ မဟုတ်ဘဲနဲ့ မိမိရဲ့သဘောဆန္ဒ

*စာမျက်နှာ ၁၃ သို့*





တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

*စာမျက်နှာ ၁၂ မှ*

အလျောက်နဲ့ လာတက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ပြည်သူ့စစ်မှုထမ်း သင်တန်းကို မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်တိုင်းပြည်ကို ကိုယ်ကျရာ အခန်းကဏ္ဍကနေ ကာကွယ်ချင်တဲ့ စိတ်ဆန္ဒတစ်ခုနဲ့ လာတက်တာပါ။ တပ်မတော် အင်အားရှိမှ တိုင်းပြည်ကလည်း အင်အားရှိလာမှာပါ။ နိုင်ငံသားတိုင်း မဖြစ်မနေတက်ရောက်ရမယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းဖြစ်တဲ့အတွက်ကို နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲအတွက် နောင်လာမယ့် ညီငယ်လေးတွေကိုလည်း ဒီနေရာကနေ ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်မိသားစုအတွက်ကို ကာကွယ်ရာရောက်ပါတယ်။ ဒီသင်တန်းမှာ ပို့ချတဲ့အရာတွေကို စည်းကမ်းတကျနဲ့ သေချာလေ့ကျင့်လိုက်နာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက် တကယ်အားကိုးအားထားရတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာမယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်။ ရဲရဲဝံ့ဝံ့လည်း အာမခံပါတယ်။

၂။ ကျွန်တော်ကတော့ ဒီပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂၂) ကို ကျွန်တော့်စိတ်ဆန္ဒ၊ ကျွန်တော့်သဘောနဲ့ ဝါသနာပါလို့ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့စစ်မှုထမ်းဆိုတာကလည်း နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ရမယ့် အရာတစ်ခုဖြစ်တဲ့အတွက်ကို မြန်မာနိုင်ငံသားတိုင်းအတွက် ဂုဏ်လည်းရှိတယ်။ နိုင်ငံ့သားကောင်း တစ်ယောက်ဖြစ်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ကို ဒီသင်တန်းကျောင်းကြီးကနေ ပြီးတော့ အကောင်းဆုံး ပို့ချသင်ကြားပေးတာဖြစ်တဲ့အတွက် ယောကျ်ားကောင်းတစ်ယောက် ဖြစ်ဖို့၊ နိုင်ငံ့သားကောင်း တစ်ယောက်ဖြစ်ဖို့အတွက် ပြည်သူ့စစ်မှုထမ်းဆိုတာ မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမယ့် အရာတစ်ခုဖြစ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တပ်မတော်သား တစ်ယောက်ဖြစ်ဖို့ဆိုတာကတော့ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ အရင်တုန်းက အရပ်သားဘဝမှာ နေချင်သလိုနေခဲ့တယ်။ စားချင်သလိုစားခဲ့တယ်။ သွားလာ







နေထိုင်ခဲ့တယ်။ ဒါပေမယ့် တပ်မတော်သား တစ်ယောက်ဖြစ်ဖို့အတွက် ဆိုရင်တော့ စည်းကမ်းတကျနဲ့ စစ်စည်းကမ်းအရနေရမယ်။ ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ ကိုယ်ဝါသနာပါလို့ ဝင်ရောက်လာတယ်။ နိုင်ငံတော်ကို ကာကွယ်ချင်တယ်၊ ကိုယ့်မိသားစုကို ကာကွယ်ချင်တယ် ဆိုရင်တော့ ဘယ်လိုအခက်အခဲမျိုးကိုမဆို အကောင်းဆုံးကြိုးစားပြီးတော့ ဆောင်ရွက်သွားရမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဂျီနီဗာဆွေးနွေးပွဲအပြီး အမေရိကန်နှင့် ဆွေးနွေးမှုများထပ်မံပြုလုပ်ရန်ဆန္ဒရှိကြောင်း အီရန် အချက်ပြ

**တီဟီရန် ဖေဖော်ဝါရီ ၁၈**

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အဆင့်မြင့်အရာရှိကြီးများ အဆင့် ဒုတိယအကျော့ ဆွေးနွေးပွဲအပြီး အမေရိကန်နှင့်နောက်ထပ် ဆွေးနွေးမှုများပြုလုပ်ရန်ဆန္ဒရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရက်ဂ်ချီ က အရိပ်အယောင်ပြသခဲ့သည်။

ဒုတိယအကြိမ် အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။ အစည်းအဝေးတက်ရောက်လာသူများတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ဂ်ချီ၊ အမေရိကန် အထူးသံတမန် စတိဗ်ဝတ်ကော့ဖ်နှင့် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ သမက်ဖြစ်သူ ဂျဲရတ် ကုရှနာ တို့ပါဝင်သည်။ ပထမအကျော့အစည်းအဝေးကို ဖေဖော်ဝါရီလ အစောပိုင်းတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၏အခြေအနေမှာ အပြုသဘောဆောင်သည်ဟု တွေ့ဆုံပွဲအပြီးတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ဂ်ချီက ပြောသည်။ လမ်းညွှန်မှုမူဘောင်တစ်ခုအတွက် ယေဘုယျသဘောတူညီချက်တစ်ခုကို ရယူနိုင်ခဲ့သည်ဟု ၎င်းကဆက်ပြောသည်။ နောက်တစ်ကြိမ် ပြုလုပ်မည့် စေ့စပ်ညှိနှိုင်းမှုနှင့်ပတ်သက်၍ မည်သည့်အချက်အလက်မျှ ကြေညာခဲ့ခြင်းမရှိချေ။ နှစ်ဖက်ကွာဟချက်များရှိနေဆဲဖြစ်ပြီး ထိုအရာများကို ကျဉ်းမြောင်းသွားအောင် လုပ်ဆောင်ရန် အချိန်ယူရဦးမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ




## ၂၀၂၈ ဖိလစ်ပိုင် သမ္မတရွေးကောက်ပွဲ ဒူတာတေး သမီး ဝင်ရောက်ယှဉ်ပြိုင်မည်

**မနီလာ ဖေဖော်ဝါရီ ၁၈**

ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေးသည် ၂၀၂၈ ခုနှစ်တွင် ကျင်းပရန်စီစဉ်ထားသည့် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဖွင့်ဟပြောကြားလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သူမ၏ ဖခင် ရိုဒရီဂို ဒူတာတေးသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဖိလစ်ပိုင်သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့သည်။ အသက် ၄၇ နှစ်အရွယ် သမီးဖြစ်သူ ဆာရာဒူတာတေးသည် ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ပေးခဲ့သောကတိကဝတ်များနှင့်ပတ်သက်ပြီး မရိုးသားမှုများမှာ သမ္မတသက်တမ်းအစပိုင်း လအနည်းငယ်အတွင်း ထင်ရှားပေါ်လွင်ခဲ့သည်ဟုဆိုကာ သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကို ပြင်းထန်သောစကားလုံးများဖြင့် ဝေဖန်ပြောကြားခဲ့သည်။

ဆာရာဒူတာတေးနှင့် ဖာဒီနန်မားကို့စ်ဂျူနီယာတို့သည် ၂၀၂၂ ခုနှစ်ရွေးကောက်ပွဲတွင် အတူတကွဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတများအား ခြောက်နှစ်သက်တမ်းတစ်ကြိမ်သာ ထမ်းဆောင်ခွင့်ပြုထားသောကြောင့် မားကို့စ်အနေဖြင့် နောက်ထပ်တစ်ကြိမ် သမ္မတအဖြစ် အရွေးခံခွင့်မရှိတော့ပေ။

အင်န်အိတ်ချ်ကေ

## ထိုင်းနိုင်ငံက တရုတ်နှစ်သစ်ကူးအားလပ်ရက်တွင် တရုတ်ခရီးသွားပိုမိုဝင်ရောက်ရေး ဆွဲဆောင်

**ဘန်ကောက် ဖေဖော်ဝါရီ ၁၈**

ထိုင်းပြည်သူများသည် နိုင်ငံတစ်ဝန်းကျင်းပသော တရုတ်နှစ်သစ်ကူးပွဲတော်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယမန်နှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုနည်းပါးခဲ့သောကြောင့် ထိုင်းခရီးသွားလုပ်ငန်းသည် ယခုအားလပ်ရက် ကာလအတွင်း တရုတ်နိုင်ငံမှ ခရီးသည်အများအပြားဝင်ရောက်လာရန် မျှော်မှန်းထားသည်။




တရုတ်နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ မြို့တော်ဘန်ကောက်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် တရုတ်ရိုးရာအကဖျော်ဖြေမှုများကို ညစဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဒေသခံများသည် လူအုပ်ထဲတွင် ခရီးသွားဧည့်သည်များနှင့် ပူးပေါင်းပါဝင်ဆင်နွှဲကာ အများစုမှာ မိမိတို့နိုင်ငံအတွက် ကံကောင်းခြင်းနှင့် ငြိမ်းချမ်းမှုများရရှိစေရန် ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ အဓိကကျသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်တွင် နိုင်ငံခြားခရီးသွားဝင်ရောက်မှု ကျဆင်းခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် နယ်စပ်ပဋိပက္ခဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုက အကြောင်းရင်းတစ်ခုဖြစ်နိုင်သည့်အပြင် အခြားသော ငွေကြေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းဘတ်ငွေမြင့်တက်မှုကြောင့်လည်း ဖြစ်နိုင်ကြောင်း သိရသည်။

ထိုင်းအာဏာပိုင်များသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုအားလပ်ရက်ကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု ၁၀ ရာခိုင်နှုန်း မြင့်တက်လာစေရန် မျှော်မှန်းထားသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်သို့ ဂျပန်ကုန်တင်ပို့မှု နှစ်လဆက်တိုက်ကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၁၈**

ဂျပန်နိုင်ငံ၏ အမေရိကန်သို့တင်ပို့သည့် ပို့ကုန်ပမာဏမှာ ဇန်နဝါရီလတွင် ဒုတိယမြောက်လအဖြစ် ဆက်တိုက်ကျဆင်းခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မှု၏ သက်ရောက်မှုများကို ညွှန်ပြလျက်ရှိသည်။ အမေရိကန်သို့ပို့ကုန်တင်ပို့မှုမှာ ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၁၈ ရက် ထုတ်ပြန်ချက်များအရ သိရသည်။ ကားတင်ပို့မှုမှာ ၉ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ဆေးဝါးတင်ပို့မှုမှာ ၇၀ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းသွားသည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ တစ်ကမ္ဘာလုံးအနှံ့ ပို့ကုန်တင်ပို့မှုမှာ ၁၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ငါးလဆက်တိုက် မြင့်တက်လာခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်နိုင်ငံများမှ ဂျပန်နိုင်ငံသို့ တင်သွင်းမှုမှာ ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လနှောင်းပိုင်းမှ စတင်ကာ ပထမဆုံးအကြိမ် ကျဆင်းသွားခြင်း လည်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

## ဂျပန်နိုင်ငံမြောက်ပိုင်း၌ သက်ကြီးအမျိုးသားသုံးဦး ဆီးနှင်းအောက်နစ်မြုပ်ခဲ့သော်လည်း အချိန်မီကယ်တင်နိုင်ခဲ့

**တိုကျို ဖေဖော်ဝါရီ ၁၈**

ဖေဖော်ဝါရီ ၁၈ ရက်တွင် ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးခရိုင် ဆပ်ပိုရိုမြို့ အဆောက်အအုံတစ်လုံး၏ခေါင်မိုးပေါ်မှ ဆီးနှင်းများဖယ်ရှားရှင်းလင်းနေစဉ် ခေါင်မိုးပေါ်မှပြုတ်ကျပြီး အမျိုးသားသုံးဦး ဆီးနှင်းအောက်နစ်မြုပ်ခဲ့ကြောင်းနှင့် အမျိုးသားသုံးဦးအနက် တစ်ဦးမှာ အသက် ၆၀ ကျော်အရွယ်ဖြစ်သည်ဟု ဒေသတွင်းမီဒီယာများ၌ ဖော်ပြထားသည်။

မီးသတ်သမားများက အရေးပေါ် ဖုန်းခေါ်ဆိုမှုရရှိခဲ့ပြီးနောက် အမျိုးသားသုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာ သတိလစ် မေ့မြောလျက်ရှိသောကြောင့် ဆေးရုံသို့ပို့ဆောင်ခဲ့သည်ဟု ဆိုသည်။ ကျန်ရှိသည့် နှစ်ဦးမှာ အသက် ၇၀ ကျော်အရွယ်အမျိုးသားများဖြစ်ကြသည်။



ဆပ်ပိုရိုမြို့ဒေသတစ်ဝိုက်ရှိ အပူချိန်သည် ဖေဖော်ဝါရီ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် ၂ ဒသမ ၉ ဒီဂရီ ဆဲလ်စီးယပ်ရှိခဲ့သည်။

အဆောက်အအုံသည် ကုမ္ပဏီတစ်ခုလုံး၏ သိုလှောင်ရုံဖြစ်မည်ဟု အာဏာပိုင်များက ယုံကြည်ယူဆလျက်ရှိပြီး အဆိုပါဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

## ဖေဖော်ဝါရီလအတွင်း သီရိလင်္ကာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု စံချိန်တင်မြင့်တက်မည်

**ကိုလံဘို ဖေဖော်ဝါရီ ၁၈**

သီရိလင်္ကာနိုင်ငံ၏အစိုးရပိုင်မြို့ပြလေဆိပ်စီမံခန့်ခွဲရေးကုမ္ပဏီဖြစ်သည့် Airport and Aviation Services (Sri Lanka) (Private) Limited (AASL) သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် လစဉ်ခရီးသည်သွားလာမှု အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် ခရီးသည် ၁၀၄၅၀၉၇ ဦးကို စီမံခန့်ခွဲကိုင်တွယ်ဆောင်ရွက်ခဲ့သည်ဟု ကုမ္ပဏီမှ ပြောကြားခဲ့သည်။

အဆိုပါပမာဏသည် လွန်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလက မှတ်တမ်းတင်ခဲ့သည့် ခရီးသည် ၁၀၃၄၆၈၇ ဦးကို ကျော်လွန်ခဲ့သည်။

၂၀၂၆ အစောပိုင်းကာလများတွင် ခရီးသည်ဝင်ရောက်မှုသည် ဆက်လက်မြင့်တက်လျက်ရှိကြောင်း သီရိလင်္ကာခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က စာရင်းဇယားများအရ သိရသည်။

ဖေဖော်ဝါရီလ ၁၅ ရက်အတွင်း စုစုပေါင်းခရီးသည်ဝင်ရောက်မှုသည် ၁၅၉၃၃၉ ဦးရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီတစ်လလုံးတွင် ခရီးသည်ဝင်ရောက်မှု ပမာဏ ၂၄၀၂၁၇ ဦးသာရှိခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၆ ဖေဖော်ဝါရီလတစ်လလုံးအတွင်း ခရီးသည်ဝင်ရောက်မှုသည် ၄၃၆၆၆ ဦးခန့်ရှိလာနိုင်သည်ဟု သီရိလင်္ကာခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ခန့်မှန်းဖော်ပြထားသည်။

ဆင်ဟွာ

## ဩစတြေးလျနိုင်ငံက အိုင်အက်စ်တို့နှင့်ဆက်နွယ်မှုရှိသော နိုင်ငံသားများကို ပြန်လည်ခေါ်ယူရန် ပိတ်ပင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၈**

ဩစတြေးလျအစိုးရသည် အိုင်အက်စ်တို့နှင့်ဆက်နွယ်မှုရှိသည့် နိုင်ငံသားများကို ဆီးရီးယားနိုင်ငံမှ ပြန်လည်ခေါ်ယူရန်ပိတ်ပင်ကြောင်း အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တိုနီဘာ့ခ်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဆီးရီးယားအရှေ့မြောက်ပိုင်းရှိ ကာ့ဒ်များ ထိန်းချုပ်ထားသော ထိန်းသိမ်းရေးစခန်းမှ ဩစတြေးလျသို့ ပြန်ရန်ရည်မှန်းထားသည့် နိုင်ငံသား ၃၄ ဦးထဲမှ တစ်ဦးကို ယာယီချန်လှပ်ခြင်းအမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၆ ရက်က အမျိုးသမီး ၁၁ ဦးနှင့် ကလေး ၂၃ ဦးပါဝင်သည့် အဖွဲ့သည် ဆီးရီးယားအရှေ့မြောက်ပိုင်းစခန်းမှ ဒမတ်စကပ်မြို့သို့ထွက်ခွာလာခဲ့ကြသည်။ ၎င်းတို့၏ရွှေ့ပြောင်းမှုကို စနစ်တကျခွင့်ပြုချက်မရရှိသေးသည့်အတွက် ဆီးရီးယားအာဏာပိုင်များက ၎င်းတို့ကို လှည့်ပြန်စေခဲ့သည်။

ဆင်ဟွာ

❒ *ကျောဖုံးမှ*

အဖွဲ့ဝင် အမျိုးသားများနှင့် အမျိုးသမီးများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည်နှင့်အညီ ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင်လည်း BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း (ခေါ်) နဂါးနှင့် ၎င်း၏ မိသားစုဝင်များသည် လက်နက်မျိုးစုံ ခြောက်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်လုံခြုံရေးတပ်စခန်းတစ်ခုထံသို့ လာရောက်ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။



BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးအား လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

PDF အပါအဝင် အခြားသော အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်မြေခံပြည်သူလူထုများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများ လုပ်ဆောင်လျက် ရှိသည့်အပြင် အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ နယ်မြေလုချင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း စသည်တို့ဖြစ်ပေါ်လာခဲ့ခြင်းတို့ကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း (ခေါ်) နဂါး အနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုများအား မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏ မိသားစုဝင်များအား နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါးအကူအညီများနှင့် အုပ်ချုပ်မှုကိစ္စရပ်များအား အဆင်ပြေမှုရှိစေရေးဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့် စိစစ်မှုများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့်သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပထမအကျော့တွင် ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်၊ ဒေါ့မွန်တို့နိုင်ပွဲရပြီး ဂျူဗင်တပ်စ် ရှုံးနိမ့်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ရှုံးထွက် ပထမအကျော့အဖြစ် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မိုနာကိုနှင့် ပီအက်စ်ဂျီအသင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

မိုနာကိုအသင်းသည် ပွဲအစ ၁၈ မိနစ်အတွင်း တိုက်စစ်ကစားသမား ဘာလိုဂန်၏ သွင်းဂိုးများဖြင့် ပီအက်စ်ဂျီအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးများနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည်။ ပီအက်စ်ဂျီအသင်းသည် ပွဲချိန် ၂၂ မိနစ်တွင် ပယ်နယ်တီရရှိခဲ့သော်လည်း ကွင်းလယ်ကစားသမား ဗစ်တင်ညာကန်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပီအက်စ်ဂျီအသင်းသည် ပွဲချိန် ၂၇ မိနစ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သော ဒမ်ဘီလီ၏ နေရာကို ဒူးရေးဖြင့် အစားထိုးခဲ့သည်။ ၎င်းဝင်ရောက်လာပြီးနောက် ပီအက်စ်ဂျီအသင်း၏ ကစားအားတက်လာခဲ့ပြီး သွင်းဂိုးများဆက်တိုက် ရယူနိုင်ခဲ့သည်။ ပွဲချိန် ၂၉ မိနစ်တွင် ပီအက်စ်ဂျီအသင်း ချေပဂိုးရရှိခဲ့ပြီး လူစားဝင်ကစားသမား ဒူးရေးက သွင်းယူပေးခဲ့သည်။ ထို့အပြင် ပီအက်စ်ဂျီအသင်းသည် ပွဲချိန် ၄၁ မိနစ်တွင် ဟာကီမီ၏ သွင်းဂိုးကြောင့် ဒုတိယချေပဂိုး ရရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် မိုနာကိုအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂိုလိုဗင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဂိုလိုဗင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက် မိုနာကိုအသင်း၏ကစားအား သိသိသာသာ ကျဆင်းသွားခဲ့ပြီး ပြိုင်ဘက်ပီအက်စ်ဂျီအသင်းကသာ တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် ဒူးရေးကပင် သွင်းယူပေးခဲ့သည်။ ပီအက်စ်ဂျီအသင်းမှ လူစားဝင်တိုက်စစ်ကစားသမား ဒူးရေးအထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် အရေးပါသည့် သွင်းဂိုးများ ရယူနိုင်ခဲ့သည်။




အခြားပွဲစဉ်ရလဒ်များတွင် ဂါလာတာစရေးက ဂျူဗင်တပ်စ်ကို ငါးဂိုး-နှစ်ဂိုး၊ ရီးရဲမက်ဒရစ်က ဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိ၊ ဒေါ့မွန်က အတ္တလန်တာကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။

**အောင်ဇော်**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မြန်မာ - ကိုရီးယား ပူးပေါင်းရိုက်ကူးမည့် All Pass လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်များ ရွေးချယ်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာ-ကိုရီးယား ပူးပေါင်း၍ ပထမဆုံး ရိုက်ကူးထုတ်လုပ်မည့် All Pass လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ သရုပ်ဆောင်များ၏အမည်စာရင်းကို ယနေ့တွင် ရွေးချယ်ထုတ်ပြန်လိုက်သည်။




**စိစစ်ရွေးချယ်**

အဆိုပါဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံဘက်မှ သရုပ်ဆောင်ရွေးချယ်ခြင်းအား ကိုရီးယားနိုင်ငံမှ ဒါရိုက်တာအဖွဲ့ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လူတွေ့စစ်ဆေးခြင်း (Audition) သုံးကြိမ်ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ရွှေကြို အနုပညာရှင်များဖြစ်ကြသည့် လင်းလက်ခွန်းချို၊ ပြည့်စုံ၊ စီဆမ်ကျော်ဇော၊ မေ့ချစ်သက်၊ သူရိန်မင်းခန့်၊ ဖြိုးဟန်ကျော်၊ မိုးဖူးဖူးခင်တို့နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းအနုပညာရှင်များ ဖြစ်ကြသည့် အိန္ဒြာစိုးစံ၊ ကျော်သက်အောင်၊ ရာဇာအောင်နှင့် မြနန္ဒာတို့အား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကိုရီးယားနိုင်ငံဘက်မှ ရုပ်သံဇာတ်လမ်းတွဲများစွာ ရိုက်ကူးထားရှိသည့် နာမည်ကြီးသရုပ်ဆောင်များ ဖြစ်ကြသော Mo Gun- hoo၊ Park San- ha၊ Cho Chan- Hyung တို့ကို အဓိကသရုပ်ဆောင်များအဖြစ် ရွေးချယ်ထားပြီး Song Jung- hwan၊ Jang Eun- Youn၊ Lee Je- na၊ Cho Won- hyung၊ Yoo Jun - hyuk နှင့် Lee See- yoon တို့ကို လူတွေ့စစ်ဆေးခြင်း (Audition) ပြုလုပ်၍ ရွေးချယ်ခဲ့ကာ ၎င်းတို့မှာ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၃ ရက်တို့တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ယင်းရုပ်သံဇာတ်လမ်းတွဲကို ထူးချွန်ဆုရရှိထားသူ ဒါရိုက်တာ ရှင်ကီဝန်း ဦးဆောင်၍ လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်းများ တိုးတက်လာစေရန်၊ ကန့်သတ်ချက်များ အကြားမှ ရုန်းကန်ကြိုးပမ်း ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အပြန်အလှန် သွားရောက်ရိုက်ကူးကာ လာမည့် မတ်လအပြီး ထုတ်လုပ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တောင်တွင်းကြီးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အွန်လိုင်းသင်တန်း သုံးရက်ကြာသင်ကြားပေး

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အွန်လိုင်းစနစ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက တောင်တွင်းကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၊ ရန်ပယ်အားကစားမိုးလုံလေလုံခန်းမ၊ မြို့နယ်ပညာရေးမှူးရုံးအပေါ်ထပ် အစည်းအဝေးခန်းမတို့၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး မကွေးတက္ကသိုလ် စာစစ်မှူးချုပ်နှင့် ပါမောက္ခများက ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို သင်ကြားပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ မြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သုံးရက်တိုင် သင်ကြားပို့ချ**



တောင်တွင်းကြီးမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ဆရာ ဆရာမ ၅၆ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၇၄ ဦး၊ မြို့နယ်ပညာရေးမှူးရုံးအပေါ်ထပ် အစည်းအဝေးခန်းမ၌ ဆရာ ဆရာမ ၄၄ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၄၀၊ ရန်ပယ်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ဆရာ ဆရာမ ၂၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ စုစုပေါင်း ဆရာ ဆရာမ ၁၂၂ ဦး၊ ကျောင်းသား ကျောင်းသူ ၅၆၄ ဦးတို့အား နေရာသုံးခုတွင် ဖေဖော်ဝါရီ ၂၀ ရက်အထိ သုံးရက်တိုင် သင်ကြားပို့ချခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နောင်နောင် (ဇီသနီးမြေ)

# ရေနံချောင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းမှ ဆွေးနွေးပို့ချ

ရေနံချောင်း ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

**ဖြည့်ဆည်းဆောင်ရွက်**

အဆိုပါ အွန်လိုင်းဆွေးနွေးပွဲကို ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမနှင့် ရွှေပါရမီအဆောင်တို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ မကွေးတက္ကသိုလ်မှ ဆရာ ဆရာမများက အွန်လိုင်းမှ ဆွေးနွေးပို့ချသွားမည်ဖြစ်ရာ အခြေခံပညာအထက်တန်းအဆင့် ကျောင်းခုနစ်ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း သုံးကျောင်းမှ ဆရာ ဆရာမ ၅၀၊ Grade-12 ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်လျက်ရှိပြီး ကျန်းမာရေး၊ လုံခြုံရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာအဖွဲ့များက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။



ရေနံချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅၆ ဒသမ ၇၄ ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီး ဂုဏ်ထူးရှင်ဦးရေ ၆၄ ဦးရှိကြောင်း၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယခင်နှစ်ကထက် အောင်ချက် ပိုမိုမြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်း ဖြစ်ကြောင်းနှင့် ယခုပညာသင်နှစ်တွင် ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအသီးသီးမှ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် လျှောက်ထားသည့် ကျောင်းသား ကျောင်းသူဦးရေ ၁၃၆၄ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**


# အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့မြန်မာစံတော်ချိန် ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး၊ နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားကာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြ



**ချမ်းမြသာစည် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည်နှင့်အညီ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက ထွန်းတုံးရပ်ကွက်ရှိ အောင်သာယာဈေး၌ ဆောင်ရွက်သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းကိုခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်းနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဝင်းမောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်၃၀ တို့ဖြင့်အောင်သာယာဈေးမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ အဖွဲ့ဝင်ဗိုလ်မှူး ထွန်းဇံဖြူ၊ အောင်ပင်လယ်နယ်မြေရဲစခန်းမှ ရဲအုပ်ကျော်ဆန်းလှိုင်၊ ဈေးတာဝန်ခံ ဒေါ်ကေသီအောင်တို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ် (ချမ်း/စည်)**

## ပခုက္ကူမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိစက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ အာကာမျိုးစက်သုံးဆီအရောင်းဆိုင်တာဝန်ရှိသူများအား မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့် ရေစင်များကို ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ ဆိုင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၃၄၀)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် 191 စတေကာများ ကပ်ခြင်းအသိပညာပေး

**ခမောက်ကြီး ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် 191 စတေကာများ ကပ်ခြင်းဖြင့် အသိပညာပေးဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်သည်။

ပူပြင်းသောရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နယ်မြေမီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လူစည်ကားရာနေရာများ၊ ခရီးသွားလာပြည်သူများ၊ ရပ်ကွက်နေပြည်သူများနှင့် ပြည်ထောင်စုလမ်းမကြီးတို့၌ မီးသတ်ဦးစီးဌာနမှ ထုတ်ဝေထားသည့် မီးဘေးလုံခြုံရေး ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် 191 စတေကာများ ကပ်ခြင်းဖြင့် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**





## ဖောင်းပြင်မြို့၌ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေး

**ဖောင်းပြင် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ လူငယ်များအကြားဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး၊ တစ်ဦးနှင့်တစ်ဦး အသိပညာဗဟုသုတများ ဖလှယ်ခွင့်ရရှိရေးအတွက် စာဖတ်ဝိုင်းများကို စီစဉ်ကျင်းပလျက်ရှိရာ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပရာ စာရေးဆရာ နေစိုးထက်ရေးသားသည့် "အနာဂတ်အတွက် လူငယ်ပြုစုပျိုးထောင်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကိုစတင်ရာ စာပေချစ်မြတ်နိုးသူများအသင်းဝင် မောင်ညီညီထွေး၊ မောင်လွင်လွင်စိုး၊ မကေဇင်သွယ်၊ မယွန်းထက်ထက်ဝိုင်းနှင့် မချစ်စုမွန်တို့က စာအုပ်ပါအကြောင်းအရာများကို အသီးသီးဖတ်ကြားဆွေးနွေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းအောင်က စာပေချစ်မြတ်နိုးသူများ၏ ဆွေးနွေးမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ရတနာပုံတက္ကသိုလ် (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



မန္တလေး ဖေဖော်ဝါရီ ၁၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျရောက်မည့် ရတနာပုံတက္ကသိုလ်၏ (၂၆) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကျပန်းစကားပြော ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ-၂ ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဂုဏ်ပြုအမှာစကားပြောကြားပြီး စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခ ဒေါက်တာဥမ္မာဦးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်း စစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက် ပညာသင်ကြားနေသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၁ ဦး က "လူငယ်နှင့် စာပေအနုပညာ၊ လူငယ်နှင့် AI နည်းပညာ၊ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် မျိုးချစ်စိတ်" စသည့် ခေါင်းစဉ်တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက အားပေးကြည့်ရှုကြသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပါမောက္ခချုပ်က ပထမဆုရ မဇင်ဇင်ထက်(မဟာအရည်အချင်းစစ်သင်တန်း၊ ဥပဒေပညာအထူးပြု)၊ ဒုတိယဆုရ မလင်းလတ်ကျော် (တတိယနှစ်သင်တန်း၊ ဘူမိဗေဒအထူးပြု)နှင့် တတိယဆုရ မသင်းသင်းမိုး (တတိယနှစ်ဂုဏ်ထူးတန်း၊ သမိုင်းအထူးပြု)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား ပေးအပ်ချီးမြှင့်သည်။ **တင်မောင်-မန်း**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းများသို့ မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်း ကျောင်းများတွင် မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကိုယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းများအား မီးလောင်မှု / မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ထွန်းအောင်၊ သန္နေတပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့နှင့်အတူ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့တွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်သည်။



မြို့နယ်မီးသတ် ဦးစီးဌာနသည် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေးဆော်သြခြင်း၊ နှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မြင့်ရီ**

## သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ပခုက္ကူ)၌ သူနာပြု-သားဖွားအတတ်ပညာရှင်ပေါင်း ၁၈၂၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်

ပခုက္ကူ ဖေဖော်ဝါရီ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ပခုက္ကူ) ၌ ၁၉၆၂ ခုနှစ်မှ စတင်ပြီး လက်ရှိအချိန်အထိ သူနာပြု-သားဖွားအတတ်ပညာရှင်ပေါင်း ၁၈၂၆ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထူးချွန်ထက်မြက်ပြီး ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သော၊ အရည်အသွေးပြည့်ဝသောသူနာပြု-သားဖွားဆရာ ဆရာမများမွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ သင်တန်းကျောင်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပခုက္ကူမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (ပခုက္ကူ)ကို ၁၉၆၂ခုနှစ်တွင် ခရိုင်ပြည်သူ့ဆေးရုံကြီးရှိ ပြင်ပလူနာဌာနတွင် သားဖွားသင်တန်းကျောင်းအမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအမည်ဖြင့် လက်ရှိနေရာသို့ပြောင်းရွှေ့၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ သူနာပြုဆရာမပေါင်း ၉၃၀၊ သားဖွားဆရာမပေါင်း ၈၉၆ ဦး စုစုပေါင်းသူနာပြု-သားဖွားအတတ်ပညာရှင်ပေါင်း ၁၈၂၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာရပ်များအသုံးပြုပြီး ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြုစုစောင့်ရှောက်ပေးနိုင်ရေး သုံးနှစ်ကြာ စာတွေ့လက်တွေ့စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်အေးက ပြောကြားသည်။

### တက်ရောက်ဆည်းပူး

ပခုက္ကူမြို့ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ပခုက္ကူ)တွင် အပတ်စဉ် (၂၁)မှ အပတ်စဉ် (၂၄) အထိ စုစုပေါင်းသူနာပြု-သားဖွားဒီပလိုမာသင်တန်းသား သင်တန်းသူ ၁၈၈ ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**




## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နောက် နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တောင်ကြီးမြို့ အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၇ ရက်က တောင်ကြီးမြို့ အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အကျယ် ပေ(၉၀x၃၀)ရှိ RCC တစ်ထပ်သိပ္ပံဆောင်နှင့် အကျယ်ပေ(၄၀x၃၀) ရှိ RCC တစ်ထပ်စာကြည့်တိုက် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ပန်သခွား)သို့သွားရောက်၍ အကျယ်ပေ (၉၀x၃၀)ရှိ RCC တစ်ထပ်စာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အကျယ်ပေ(၁၁၀x၃၀) ရှိ RCC သုံးထပ်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မင်းသန့်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ ရေသန့်စင်စနစ် တည်ဆောက်ခြင်းနှင့် မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်းဆောင်ရွက်

**တိုက်ကြီး ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အိုင်ကလောင်ကျေးရွာ၌ ရေသန့်စင်စနစ်တည်ဆောက်ခြင်းနှင့် မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အိုင်ကလောင်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ရေသန့်စင်စနစ် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ပေ ၂၀ တည်ဆောက်ခြင်းလုပ်ငန်းနှင့် မြေသားရေကန် အလျား ၂၁၅ ပေ၊ အနံ ၂၂၅ ပေ၊ အမြင့် နှစ်ပေ အနက်နှိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးလှမျိုးအောင်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## သရက်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသခြင်းများဆောင်ရွက်ပေး

**သရက် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာ



နှင့် ကုသရေးဦးစီးဌာနမှကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံအောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။

ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက အငြိမ်းစားဝန်ထမ်းများအား သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးချို ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## ပန်းတောင်းမြို့၌ Book Club အသင်းနှင့် စာဖတ်ဝိုင်းကျင်းပ

**ပန်းတောင်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)နှင့် စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စာပေကို ချစ်မြတ်နိုးသူများ အနေဖြင့် စာပေဗဟုသုတများ အချင်းချင်း နှီးနှောဖလှယ်ကြရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ မပျောက်ပျက်စေရန်၊ စာပေကို ချစ်မြတ်နိုးသူများ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် စာပေကို တန်ဖိုးထားမြတ်နိုးတတ်စေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်းပြောကြားပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးလှကျော်က စာရေးဆရာ ချစ်နိုင် (စိတ်ပညာ) ရေးသားထားသော “ဟောပြောသူလက်စွဲ” စာအုပ်နှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် စာပေမြတ်နိုးသူများကလည်း ၎င်းတို့၏အတွေးအမြင်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ နွေရာသီအခြေခံ အားကစားသင်တန်းများဖွင့်

**ဟိုပုံး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများကို ဖေဖော်ဝါရီ ၁၇ ရက်မှစတင်ကာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် မြန်မာ့သိုင်းအားကစား၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ Fitness Dance၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အစရှိသည့် အားကစားနည်းများကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ နောင်တောင်း အခြေခံပညာအထက်တန်းကျောင်းနှင့် ဒုံမေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အားကစားဝါသနာပါသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ကျောင်းသား ကျောင်းသူ ၂၉၀ လေ့ကျင့်သင်ကြားလျက်ရှိကြောင်းသိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်၌ မီးငြိမ်းသတ်နည်းသရုပ်ပြ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈**

တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးလက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဆောင်ရွက်သည်။

အဆိုပါ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစောမောင်ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်ငါးဦးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့်ဝန်ထမ်းများအား မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက် နှင့် ရည်မှန်းချက်တာဝန်ကြီးလေးရပ်၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မီးသတ်ဆေးဘူး၏ အချက်အလက်များနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်း လေ့ကျင့်ပေးသည်။ **နောင်နောင် (ဗိဿနိုးမြေ)**

## မြို့သစ်မြို့နယ်၌ နွေစပါးနှင့်နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေ

**မြို့သစ် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၆ ခုနှစ် နွေစပါးနှင့်နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများစိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၁ ရက်ကစတင်၍ စိုက်ပျိုးရေပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ တောင်သူများနွေစပါးနှင့်နွေသီးနှံ(နှမ်း)စိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နတ်မောက်ဆည်ရေလှောင်တမံမှ ၆၀၁၄ ဧက၊ ပုလင်းဆည်ရေလှောင်တမံမှ ၇၄၆ ဧက၊ စွန်ဆည်ရေလှောင်တမံမှ ၂၁၅၈ ဧကနှင့်ဆဒ္ဒန်ဆည်ရေလှောင်တမံမှ ၉၅၈ ဧက စုစုပေါင်းနွေစပါးနှင့် နွေနှမ်းလျာထားဧက ၉၈၇၆ ဧကအတွက် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**



## တာလေမြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေး

**တာလေ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ ယခင်နှစ်တွင် မီးလောင်မှုများပြားခဲ့သော ကျေးရွာအုပ်စုများကို ကြိုတင်၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်က နားဟိုင်းလုံဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထူးလိုက်နာဆောင်ရွက်ရန်နှင့် ဒေသန္တရ အမိန့် ဖောက်ဖျက်ကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ချမှတ် ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ပြည့်ဝေဇင်က မြန်မာနိုင်ငံတွင် မီးလောင်မှုဖြစ်ပေါ်မှုများ၊ စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာလေမြို့ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **မြင့်မိုရ်(တာချီလိတ်)**

## သံဖြူဇရပ်မြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ဒေါက်ထောက်ကျေးရွာ ကမ်းခြေမ္ဘာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့၊ တောမီးနှင့် အခြားမီးများလောင်ကျွမ်းမှုအရေအတွက် များပြားနေခြင်းကို ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေးဟောပြောခြင်းဖြစ်ရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်ဦးက မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး၊ တောင်ယာမီး၊ တောမီးများမရှို့ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးက မြန်မာနိုင်ငံတွင် မီးလောင်မှုဖြစ်ပေါ်မှုများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြူမှုန်ကင်းစင်သော ကောင်းကင်ဖြစ်ပေါ်စေရေး Fire Hotspots လျှော့ချရေးအကြောင်းအရာများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဲကုန်းအထက၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**သဲကုန်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း(သဲကုန်း)ရှိ သာခုခန်းမ၌ ကျင်းပသည်။



ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(သဲကုန်း)မှ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ social media ၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အားလပ်ချိန် စာပေဖတ်ရှုလေ့လာရန် စသည့် အကြောင်းအရာများကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်နွေးနွေးခိုင်ဇင်က နွေရာသီကျောင်းပိတ်ရက်များတွင် အားကစားနည်း အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရေးတို့ကို ရည်ရွယ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဟောပြောသည်။

ထို့နောက် နံရံကပ်စာစောင်များ သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

## ထားဝယ်မြို့နယ် ကဒင်ဝကျေးရွာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၁၈**

ထားဝယ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ထားဝယ်မြို့နယ် ကဒင်ဝကျေးရွာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၁၇ ရက်က ကြည့်ရှုစစ်ဆေးသည်။



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကဒင်ဝကျေးရွာအဝင်လမ်း (၁/၀)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကမ္ဘာသစ်ကို မျှော်လင့်ခြင်းစာအုပ် ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**




ဒေါက်တာ ကျော်မင်းထွန်း၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ ဒေါက်တာတင်ထူးနိုင်တို့ စုစည်းရေးသားထားသည့် ကမ္ဘာသစ်ကို မျှော်လင့်ခြင်း စီးပွားရေးအတွေးအမြင်စာစုများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် သတင်းခေါက်ချိုးမညီသော ဈေးကွက်မိတ်ဆက်၊ ထိန်းကျောင်းခြင်းဘောဂဗေဒ၊ လောင်းကစားနှင့် ဘောဂဗေဒအမြင်၊ ငါးသာလျှင်တရားခံ၊ ဘောဂဗေဒကို ဗုဒ္ဓဓမ္မအချို့ဖြင့် ရှုမြင်ကြည့်ခြင်း၊ ငွေသားမဲ့စီးပွားရေးအဆောက်အအုံ၏ ဘေးအန္တရာယ်၊ ဂလိုဘယ်လိုက်ဖေးရှင်း၏ အနီးဆုံးအနာဂတ်၊ ကမ္ဘာသစ်ကို မျှော်လင့်ခြင်း၊ နူတ်ခမ်းနီအကျိုးသက်ရောက်မှုနှင့် ထရိတ်ိုနော့မစ်စ်၊ သန်းကြွယ်သူဌေးများနှင့် ဓနဥစ္စာရွှေ့ပြောင်းမှု၊ ဝင်ငွေအလယ်အလတ် ထောင်ချောက်နှင့် လွတ်မြောက်ရေး မဟာဗျူဟာများ စသည့် စီးပွားရေးအတွေးအမြင်စာစုများဖြင့် စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို လွင်သစ္စာစာပေ အမှတ်(၂၄၁) အောင်တံခွန်လမ်း (၂၉)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၄၅၆၈၈၁၃၅၅၊ ၀၉-၇၉၀၁၄၃၅၇၀၊ ၀၉-၄၂၉၂၇၂၄၄၄ တို့တွင် တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **မြန်မာ့အလင်း**



## မိုးနဲမြို့နယ်၌ ဆောင်းသီးနှံ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုးနဲ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ဆိုင်းဖယ်ကျေးရွာ၌ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဆောင်းနေကြာကို မြို့နယ်ရှိ ဆိုင်းဖယ်ကျေးရွာ၊ မယ်ဇလီမြိုင်ကျေးရွာ၊ ဝမ်ပောကျေးရွာနှင့် နမ့်မော်ဆွမ့်ကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြကာ ဆောင်းသီးနှံနေကြာ ၃၂၈ ဧကကျော် စိုက်ပျိုးထားရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာနှင့် သွင်းအားစုများကို လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## သာကေတမြို့နယ်၌ လူငယ်နှင့်ကြက်ခြေနီဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ လူငယ်နှင့်ကြက်ခြေနီဆွေးနွေးပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက လူငယ်နှင့်ကြက်ခြေနီဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း စာရေးဆရာမ မိုးမိုးသင်း(ပတ္တမြားမြေ)က လူငယ်နှင့်ကြက်ခြေနီ အဓိပ္ပာယ်အကြောင်း၊ အနာဂတ်ခေါင်းဆောင်ဖြစ်လာအောင် လေ့ကျင့်ပေးတဲ့စိတ်ဓာတ်အကြောင်း၊ လူသားများအတွက် ကူညီကယ်ဆယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း၊ လူတိုင်းအတွက် တန်းတူညီမျှလုပ်ဆောင်ပေးသည့် လုပ်ငန်းဖြစ်ကြောင်း စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သဲထက်ဇင်(ပြန်/ဆက်)**

## မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဖွင့်



**မုဒုံ ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းပေးခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) သင်တန်းဝင်းရှိခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးအောင်က သင်တန်းတွင် အတွေ့အကြုံများစွာရှိသည့် ကျွမ်းကျင်ဆရာကြီးနှင့် ဆရာမများ သင်ကြားပေးမည့် ရော်ဘာအထွက်နှုန်း အကောင်းဆုံးဖြစ်သော နည်းစနစ်ကို သင်တန်းသားများ ကြိုးစားသင်ယူစေလိုကြောင်း၊ ယခုတတ်မြောက်သင်ကြားမည့် နည်းပညာများကို မိမိတို့ဒေသသို့ ရောက်ရှိပါက ပြန်လည်မျှဝေပေးစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ရော်ဘာပညာရှင်နှင့် တာဝန်ရှိသူများက ရော်ဘာသမိုင်းကြောင်းနှင့် ကျွမ်းကျင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာများက တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုမှ သင်တန်းသား သင်တန်းသူ ၃၀ အား ၁၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

## ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးဆောင်မှုဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲကို သိုက်တူးကန်ကျေးရွာ တောင်သူ ဦးမောင်မြင့်၏ ကွင်း ဦးပိုင်အမှတ် -၈၄၆ ၊ A, ၁၅ /၂ ပဲတီစိမ်း ၁၀ ဧက စိုက်ခင်းရှိ တောင်သူပညာပေးခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပညာပေးစံပြကွက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ခင်းတွင် ပိုးမွှား၊ ရောဂါကျရောက်မှုကို အမြဲမပြတ် ကြိုတင်စစ်ဆေးခြင်း၊ အပင်သက်တမ်းအလိုက် ကျရောက်တတ်သော ဖျက်ပိုးများ ဘက်စုံကာကွယ်နှိမ်နင်းနည်းကို အသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးကိုလိုအပ်မှသာ အသုံးပြုခြင်းစသည့် အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူ ဦးမောင်မြင့်က စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ ဆောင်ရွက်မှုအဆင့်တိုင်း မှတ်တမ်းထားရှိပြီး ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီးနောက် တက်ရောက်လာသူများအား နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ထွက်ရှိလာသောသီးနှံများ၏ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကို စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ ISO/IEC 17025 နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိထားသော စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ပညာပေးစံပြကွက်များကို တိုင်းဒေသကြီးနှင့်ပြည်နယ် ခုနစ်ခုတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



## ကော့သောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ကော့သောင်း ဖေဖော်ဝါရီ ၁၈**

ကော့သောင်းမြို့နယ်၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးဦးသန့်ဇော်မိုး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် စတစ်ကာကပ်ခြင်းများကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့အတွင်းရှိ လမ်းဆုံလမ်းခွများ၊ လူစည်ကားရာနေရာများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒေးဒရဲမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြင်ပ ပညာရှင်များ ပူးပေါင်း၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံပန်းချီသင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရေးနှင့် ထူးချွန်ထက်မြက်သော လူငယ်များပေါ်ထွန်းလာစေရေး အခမဲ့သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပန်းချီပညာရှင် ဦးအေးမြင့်ဆွေက ကျောင်းသား ကျောင်းသူများ သင်ကြားပြသပေးသွားမည့် အခြေခံပန်းချီရေးဆွဲနည်းများနှင့် သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစား သင်ယူသွားကြရန် ရှင်းလင်းမှာကြားသည်။



အေဇာလင်း

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## မိုင်းယန်းမြို့၌ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေး

**မိုင်းယန်း ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က စာပေချစ်မြတ်နိုးသူများအသင်း(Women Club)ဖြင့် စာရေးဆရာအောင်သင်း ရေးသားထားသော လူငယ်များသို့ မင်္ဂလာပါ စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်လူရွယ်များ အနေဖြင့် စာဖတ်သည့် အလေ့အထကောင်းများရရှိစေရန် ရှင်းလင်းပြောကြားပြီး စာရေးဆရာအောင်သင်း ရေးသားထားသော "လူငယ်များသို့ မင်္ဂလာပါ"စာအုပ်မှ "အနာဂတ်ကို မကြောက်နဲ့"ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် Women Club အသင်းဝင် ဒေါ်ခိုင်ခိုင်ဝင်းက "စဉ်းစားစရာလေးတွေ"ခေါင်းစဉ်ဖြင့် လူငယ်ဘဝတွင် အချိန်ကို အကျိုးရှိစွာ အသုံးချသင့်ပုံများ၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြား၍ ဆောင်ရွက်သင့်သည့် အကြောင်းအရာများဖြင့်လည်းကောင်း၊ Women Club အသင်းဝင် ဒေါ်စိုးပြည့်ပြည့်ထွေးက "သိချင်စိတ်"ခေါင်းစဉ်ဖြင့် ဆက်ဆံခြင်းနှင့် ပေါင်းသင်းခြင်းဆိုင်ရာ အကြောင်းအရာများဖြင့် ဆွေးနွေးပြီး တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများက ဆွေးနွေးချက်များအပေါ် မိမိတို့ထင်မြင်ယူဆချက်များ၊ အကြံပြုသုံးသပ်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းထူး

## ရွှေကျင်မြို့၌ ကျောင်းမီးဘေးလုံခြုံရေး၊ သဘာဝဘေးကာကွယ်ရေးလက်တွေ့သရုပ်ပြ

**ရွှေကျင် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက် ရွှေကျင်မူလတန်းကြိုကျောင်း၌ ကျောင်းမီးဘေးလုံခြုံရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည်။

ကျောင်းမီးဘေးလုံခြုံရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးကျော်အောင်နှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးဘေးအန္တရာယ် ကြုံတွေ့ရပါက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသပေးသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)



## အိမ်ရှေ့ပြင်ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၏ ကြီးကြပ်မှုဖြင့် သရက်ချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အိမ်ရှေ့ပြင် ရွာတွင်းလမ်း(၀/၄)မိုင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၇ ရက်က လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ငွေဇင်ယော်(ထားဝယ်)

# ရှေးဟောင်းကျောက်စာများအား (Reflectance Transformation Imaging – RTI) စနစ်ဖြင့် ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခြင်းလုပ်ငန်းဆောင်ရွက်


ကမ္ဘာ့အမွေအနှစ်ဒေသ ပုဂံ။

**ပုဂံ ဖေဖော်ဝါရီ ၁၈**

ကမ္ဘာ့အမွေအနှစ်ဒေသ ပုဂံသည် သမိုင်းရာဇဝင်များအရ ခရစ်နှစ် ၁၀၈ ခုနှစ်မှစ၍ ပုဂံမြို့ပြတည်ထောင်ပြီး မင်း(၅၅) ဆက်တိုင် အုပ်စိုးခဲ့သော မြို့ပြနိုင်ငံဖြစ်ခဲ့သည်။ မြို့ပြနိုင်ငံဖြစ်ခဲ့ကြောင်း ယနေ့ထိ တွေ့မြင်နိုင်သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အအုံများက သက်သေတည်လျက်ရှိသည်။ အဆိုပါ ဘုရား၊ စေတီ၊ ပုထိုးများနှင့်အတူ ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ စသည့်စာပေအထောက်အထားများပါ တည်ရှိသည်။ ၎င်းစာပေအထောက်အထားများသည် ယင်းတို့နှင့်ခေတ်ပြိုင် လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနိုင်ငံရေး၊ ယဉ်ကျေးမှု၊ စာပေနှင့် ဓလေ့ထုံးစံများကို ဖော်ပြလျက်ရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့်ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့၌ လေ့လာနိုင်သည်။

**ကျောက်ပြားပေါ်တွင် ကမ္ပည်းစာများ ရေးထိုးမှတ်တမ်းတင်ခဲ့**

ကျောက်စာများတွင် ဘာသာ၊သာသနာစည်ပင်ထွန်းကားခဲ့ပုံ၊ လယ်၊ ယာ၊ မြေ၊ ဥယျာဉ်၊ ရေတွင်း၊ ရေကန်၊ အရံတံတိုင်း စသောလှူဒါန်းပုံများကို အများအားဖြင့် "အလှူတစ်ဖြာ ကျောက်စာတစ်ချပ်" ဟူသော စကားအရ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အအုံများတွင် မှတ်တမ်းတင်သည့်အနေဖြင့် ကျောက်ပြားပေါ်တွင် ကမ္ပည်းစာများ ရေးထိုးမှတ်တမ်းတင်ခဲ့ကြကြောင်း လေ့လာတွေ့ရှိနိုင်သည်။

ကျောက်စာများသည် အချိန်ကာလ လွန်စွာကြာမြင့်ခဲ့ပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းလာခြင်း၊ ပွန်းတီးပျက်စီးမှုများရှိလာခြင်းတို့ကြောင့် မှတ်တမ်းကျန်ရှိစေရန်နှင့် ထိန်းသိမ်းပြုပြင်မှုအတွက် အထောက်အကူဖြစ်စေရန် ခေတ်မီနည်းစနစ်တစ်ခုဖြစ်သော Reflectance Transformation Imaging (RTI) စနစ်ဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



**လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်**

လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ ပထမဦးစွာ ကျောက်စာများအား သန့်ရှင်းရေးပြုလုပ်ခြင်း ၊ RTI စနစ်ဖြင့် အသေးစိတ်ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခြင်း၊ ရိုက်ကူးရရှိလာသော ဓာတ်ပုံများအား RTI builder Software ဖြင့် Processing ပြုလုပ်ခြင်း၊ ဓာတ်ပုံမှတ်တမ်း အထောက်အထားများအား Digitization ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျောက်စာ ၈၃ ချပ်အား မှတ်တမ်းတင်ပြီးဖြစ်**

Reflectance Transformation Imaging (RTI) စနစ်ဖြင့် မှတ်တမ်းတင်ခြင်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများသည် ကျောက်စာများအား မင်ကူးယူမှုကြောင့် ကျောက်စာချပ်များ၊ ကျောက်စာစာလုံးများပေါ်တွင် ဆေးများ ပေကျံခြင်းမှ ကာကွယ်ပေးနိုင်ခြင်းနှင့် ရှေးဟောင်းကျောက်စာအား ရေရှည်ထိန်းသိမ်းပေးနိုင်ခြင်း၊ ကျောက်စာများတွင် ရေးသားထားသည့်အကြောင်းအရာများကို ထင်ရှားရှင်းလင်းစွာ ဖတ်ရှုနိုင်ခြင်း၊ ကျောက်စာများသည် သဘာဝသဲကျောက်သားဖြင့် ပြုလုပ်ထားခြင်းကြောင့် နှစ်ကာလကြာမြင့်ခြင်း၊ ရာသီဥတုဒဏ်ခံရခြင်းများကြောင့် ကျောက်သားမျက်နှာပြင်များ ပျက်စီးခြင်း၊ ရေးထွင်းထားသော ကျောက်စာများ ပြုန်းတီးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ကျောက်စာများအား မှတ်တမ်းတင်ထားခြင်းဖြင့် လေ့လာသုတေသနပြုရာတွင် များစွာအထောက်အပံ့ဖြစ်စေကြောင်းသိရသည်။

ကမ္ဘာ့အမွေအနှစ်ဒေသ ပုဂံတွင် ကျောက်စာစုစုပေါင်း ၃၅၂ ချပ်ရှိပြီး Reflectance Transformation Imaging (RTI) စနစ်ဖြင့် ကျောက်စာ ၈၃ ချပ်အား မှတ်တမ်းတင် ပြီးဖြစ်သည်။ RTI စနစ်ဖြင့် ဆောင်ရွက်ပြီးသည့် ကျောက်စာများအား သုတေသီများ၊ ကျောင်းသား ကျောင်းသူများ လေ့လာလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဆက်သွယ်၍ လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲက ညွှန်ကြားရေးမှူး ဦးညီမွန်းထံမှ သိရသည်။

**ဒီပါလင်း**

## သဲကုန်းမြို့နယ်၌ စားသုံးဆီဖူလုံစေရန် စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာ ၁၁၄ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**သဲကုန်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိရိုးဖလာလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်းရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံနေကြာ ၁၁၄ ဧက စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သဲကုန်းမြို့နယ်၌ ဒေသခံတောင်သူများအနေဖြင့် ယခုနှစ်ဆောင်းရာသီတွင် ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ကြားညှပ်သီးနှံအဖြစ် လည်းကောင်း၊ စိုက်ဧကများဖြင့် ခြောက်သွေ့သော ဒေသများရှိ မြေစေးမြေများတွင် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးကြရာ နေကြာစိုက်ပျိုးရာတွင် အပင်ရှင်သန်ကြီးထွားစေရန်၊ အပွင့်အရွယ်အစား ကြီးထွားစေရန်၊ အစေ့အဆံအောင်မြင်စေရန် သဘာဝမြေသြဇာများဖြစ်သော နွားချေး၊ ကြက်ချေးနှင့် ဓာတ်မြေသြဇာများကိုလည်း အချိုးကျသုံးစွဲပေးရသည်။ ပိုးမွှားရောဂါနှင့် အပင်ရှင်သန် ကြီးထွားစေရန်အတွက် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ပက်ဖျန်းပေးရပြီး စိုက်ခင်းများအတွင်း ရေသွင်းခြင်း၊ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပေးမှသာ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော ဆီထွက်သီးနှံနေကြာများ ရရှိကြောင်း နေကြာစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရသည်။

**ဆီထွက်သီးနှံ တိုးတက်စေရန်ရည်ရွယ်**



သဲကုန်းမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြေပဲ ၄၆၆၆ ဧက၊ နှမ်း ၂၃၃၉ ဧက၊ နေကြာ ၁၁၄ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **ကိုကျော် (သဲကုန်း)**



# ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဖေဖော်ဝါရီ ၁၇ ရက်က ဘိန်းစိုက်ခင်း စုစုပေါင်း ၇၈ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဆီဆိုင်မြို့နယ်**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၁၇ ရက် နံနက် ၉ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီခွဲအထိ ဆီဆိုင် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု နားစေးစောက်ကျေးရွာအနီးတစ်ဝိုက်ရှိသီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၅ ဧကခန့်အားလည်းကောင်း။

**ဟိုပုံးမြို့နယ်**

အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဘော်ကုန်းကျေးရွာအုပ်စု လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၂ ဧကခန့်အားလည်းကောင်း။

**ပင်လောင်းမြို့နယ်**

အလားတူ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာငို ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၆ ဧကခန့်အားလည်းကောင်း။

**ကွန်ဟိန်းမြို့နယ်**

ထို့အတူ နံနက် ၁၀ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်အထိ ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ကွန်ဟိန်းမြို့နယ် ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်တုံကျေးရွာအနီးတစ်ဝိုက်ရှိသီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်အားလည်းကောင်း ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မိုးညှင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအနီးတွင် ခင်မောင်ဆန်း(ခ) လောင်းလု(၅၅ နှစ်) မင်းကုန်းကျေးရွာ မိုးကောင်းမြို့နယ်နေသူ မောင်းနှင်ပြီး အေးဆန်း(၅၆ နှစ်)၊ ပင့်သာကျေးရွာ မိုးကောင်းမြို့နယ်နေသူ လိုက်ပါလာသော MDY–12 3A–xxxx TOYOTA COROLLA မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၈ ဒသမ ၂ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၄ ဒသမ ၈ သိန်း)၊ ဘိန်းစိမ်း ၄ ဒသမ ၂ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၀ ဒသမ ၄ သိန်း)နှင့် မြန်မာငွေကျပ် ၂ ဒသမ ၅ သိန်းကိုလည်းကောင်း။

ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ကျော်စွာဝင်း(ခ) ထွေးပို (၄၀ နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ ၀ ဒသမ ၀၁ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၀၀)အား ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနှင့်အတူ ဖြိုးဝေအောင် (ခ) အောင်အောင်တို့ ငှားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်ရှိနေအိမ်ကို ယင်းနေ့ နံနက် ၂ နာရီအချိန် ဆက်လက်သွားရောက်ရှာဖွေရာ ဖြိုးဝေအောင်(ခ)အောင်အောင် (၂၅ နှစ်)ကို နေအိမ်၌ တွေ့ရှိခြင်းမရှိဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၃၂ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ဂရမ် ၃၂၀ (တစ်ဂရမ်လျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၈ သိန်း)၊ ဘိန်းဖြူ ၃၈၇ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၆ ဒသမ ၁ သိန်း)နှင့် ဘိန်းဆီခဲ ၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၈ သိန်းနှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၈ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် ကျော်စွာဝင်း(ခ)ထွေးပိုနှင့် ဖြိုးဝေအောင် (ခ) အောင်အောင်(ဖမ်းဆီးရန်ကျန်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ ခင်မောင်ဆန်း(ခ)လောင်းလုနှင့် အေးဆန်းတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

**ရဲပြန်ကြား**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၅ ရက်တွင် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နှင့် အမှတ် (၆)ရပ်ကွက်တို့အတွင်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဓာတ်ဆီဂါလန် ၅၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် လိုင်စင်ရှိ Mitsubishi L200 Pick Up တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ ယင်းစက်သုံးဆီများတင်ဆောင်လာသည့် လိုင်စင်မဲ့



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၂၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ အရေးယူ**

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေတာရှည်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၀ ဒသမ ၇၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ**

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘီးလင်း မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၇၉၈၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ချင်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဟားခါးမြို့နယ် ဈေးဟောင်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပန်းတောင်းမြို့နယ်၊ ကျောက်တံတားမြို့နယ်နှင့် ပဲခူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၉၇၆ တန်၊ အခြားသစ် ၂၀ ဒသမ ၄၂၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၂၀၂၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၄၂၀၂၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အသိပေး ကြေညာချက်

မွန်ပြည်နယ်၊ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဘီးလင်းမြို့နယ်အတွင်းရှိ မှတ်ပုံတင်သက်တမ်းကုန်ဆုံးနေသော အောက်ဖော်ပြပါ ဆင်(၃)ကောင်အား သက်တမ်းတိုးဆောင်ရွက်နိုင်ရန်အတွက် ဆင်ပိုင်ရှင်များအနေဖြင့် ဘီးလင်းမြို့နယ်၊ သစ်တောဦးစီးဌာနနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

| စဉ် | ဆင်ပိုင်ရှင်အမည် | ဆင်အမည်/လိင် | မှတ်ပုံတင်သက်တမ်းကာလ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | ဦးမိုးလွဲ | သားကြီးမောင်/ထီး | ၁၇-၇-၂၀၂၁ | ၁၆-၇-၂၀၂၄ |
| ၂ | ဦးစောကျော် | ရွှေလှိုင်ကြည်/မ | ၆-၁၀-၂၀၁၉ | ၅-၁၀-၂၀၂၂ |
| ၃ | ဦးစောဝါး | မိုညဖိုး/မ | ၃၁-၃-၂၀၂၀ | ၃၀-၃-၂၀၂၃ |

သစ်တောဦးစီးဌာန၊ ဘီးလင်းမြို့

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဇော်တန် ၁/မကန(နိုင်)၁၄၈၂၁၈ ၏ ပတ်စ်ပို့နံပါတ် (MB-065124) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၈၆၀၅၄၃၄

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ရွှယ်ဘူ ၁/မကန (နိုင်)၁၆၃၁၁၃ ၏ ပတ်စ်ပို့နံပါတ် (MC-335545) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၀၅၄၃၉၅

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက (နောင်ချိန်း)၊ Grade-11 မှ မဆိုင်းနန်၏ ဖခင်အမည်မှန်မှာ ဦးလတောင်လ ၁/ဝမန(နိုင်) ၀၇၂၆၁၀ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မိုင်းပွန်မြို့၊ လယ်တောရပ်နေ (ဘ)ဦးထူးထူး၏ သား မောင်ကျော်ထူးလွင် ၁၃/လလန(နိုင်) ၁၀၈၃၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-860734) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၂၅၁၃၆၂

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရွှေညောင်လှိုင်ဘုံသာ(၂)နေ ဒေါ်ခင်ဇာနည်လှိုင် ၁၃/တကန(နိုင်)၃၄၈၄၂ နှင့် ဦးဇော်ထိုက် ၉/မထလ(နိုင်)၂၈၉၃၅၀ တို့သည် စိတ်သဘာထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၂၂-၁-၂၀၂၆)ရက်တွင် တောင်ကြီးမြို့ တရားရုံးတော်၌ အမှုအမှတ်(၂၀၈/၂၅)နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဦးဇော်ထိုက်နှင့် ဒေါ်ခင်ဇာနည်လှိုင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းကိစ္စနှင့်ဆက်စပ်ပတ်သက်ခြင်းမရှိတော့ပါကြောင်း ဦးဇော်ထိုက်နှင့် ပတ်သက်သည့် ကိစ္စအဝဝမှာ ဒေါ်ခင်ဇာနည်လှိုင်နှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဇာနည်လှိုင်

## ပတ်စ်ပို့ပျောက်

ညောင်ရွှေမြို့နယ်၊ တောင်ခြေအုပ်စုနေ (ဘ)ဦးဝန်၏သမီး မနုနုထွေး ၁၃/ညရန(နိုင်) ၁၁၂၅၃၀၏ နိုင်ငံကူးလက်မှတ် အမှတ်(MC-016022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၇၉၁၆၆၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ နှယ်နီ (၂)လမ်း၊ မြေကွက်အမှတ် (၁၂၈၈/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်တင်မမဦး (၁၂/သကတ (နိုင်) ၀၆၆၆၆၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ (၁၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သဲနန္ဒာစင် (၁၂/ကခက (နိုင်) ၁၃၁၃၄၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးထွန်းသိန်း (၁၂/သကတ (နိုင်) ၁၃၆၅၁၅)က ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးဇော်ထွန်းအောင် | ဦးကျော်စိုးဦး |
|---|---|
| LL.B, D.B.L, D.M.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၇၇၇ ၇၁၁ ၃၀၈ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

မဟာအောင်မြေမြို့နယ်နေ ကျွန်တော် ဦးကျော်ခန့်ထွေး ၉/မဟမ(နိုင်)၀၅၃၅၈၅ နှင့် ဦးကျော်ခန့်ထွေး (ခ) ဦးဂျေဂျေ ဟူ၍ အမည် (၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက် အမှတ်-(RA-II/ကွက်ပြင်-၂)၊ ဦးပိုင်အမှတ် (၆၈-က/၂)၊ မြေဧရိယာ(၀.၀၆) ဧကရှိမြေအား ဒေါ်ဇင်မာဝင်း (၁/မကန(နိုင်)၀၉၁၉၇၁) အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## အမှားပြင်ဆင်ချက်

၂၄-၁-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၂ တွင်ပါရှိသော ဘုတ်ပြင်းမြို့နယ် တရားရုံးတော်၏ ငြင်းချက်ထုတ်ရန် ဆင့်စာတွင် ရတနာရွှေရည်ဝင်းမြို့နယ် တရားသူကြီး ဘုတ်ပြင်းမြို့နယ် တရားရုံးအစား (ရတနာရွှေရည်ဝင်း) မြို့နယ်တရားသူကြီး ဘုတ်ပြင်းမြို့နယ် တရားရုံး ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက် အမှတ်- (၄/နန္ဒဝန်)၊ ဦးပိုင်အမှတ် (၁၇၅-က)၊ မြေဧရိယာ(၀.၂၄၀)ဧကရှိမြေအား ဒေါ်ဇင်မာဝင်း (၁/မကန(နိုင်)၀၉၁၉၇၁) အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့် ရက်မှ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ပြည်သာယာ (၁)လမ်း၊ မြေကွက်အမှတ် (၆၉၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကျော်စိန် (CJ- ၀၀၁၈၇၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ် (၆၉၆)နှင့် ကပ်လျက်တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါ်ပိုင်ရှင် ဖခင် ဦးကျော်စိန် ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဦးအောင်မျိုးသိန်း (၁၂/သဃက (နိုင်) ၀၇၅၆၄၇)၊ (၂) ဒေါ်မြင့်မြင့်သိန်း (၁၂/သဃက (နိုင်) ၀၃၅၅၇၁) နှင့် (၃) ဒေါ်သန်းသန်းလှ (၁၂/သဃက (နိုင်) ၀၇၅၇၂၇)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နီနီ (၁/မညန (နိုင်) ၀၀၁၁၃၄)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## လက်ထပ်ပြီးစီးခြင်း

မကွေးမြို့၊ မြို့မအိုးဘိုရပ်ကွက်နေ
ဦးမော် - ဒေါ်တင်စိန် တို့၏သား
**မောင်အောင်ဇော်ထက်**
နှင့်
မကွေးမြို့၊ ကန်သာရပ်ကွက်နေ
ဦးသောင်းလှိုင် - ဒေါ်ခင်သစ် တို့၏သမီး
**မဖြူဖြူသစ်** တို့သည်

၁၇-၂-၂၀၂၆ ရက်(အင်္ဂါနေ့)တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်တရားရုံး၌ အသိသက်သေများ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်အောင်ဇော်ထက် နှင့် မဖြူဖြူသစ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/99780, Honda Scoopyi ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လှိုင် ၉/နထက(နိုင်) ၁၂၇၇၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/2291 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

အလိမ္မာ စာမှာရှိ

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေးရှိ **"အိမ်ရှင်မ ဆီစက်နှင့် ဆန်၊ ဆီ ဖြန့်ချိရေး"** မှ လယ်ဝေးမြို့နယ် ကြို့ပင်ရွာ ဆိုင်ခွဲတာဝန်ခံ ဦးမြတ်နိုးသူ ၁၄/ဇလန(နိုင်)၁၉၆၃၅၀ အား လုပ်ပိုင်ခွင့်အလွဲသုံးစားပြုခြင်း၊ ငွေကြေးနှင့် စာရင်းရှင်းလင်းမှု မရှိခြင်းတို့ကြောင့် ၂၃-၁၂-၂၀၂၅ ရက်မှစ၍ ဝန်ထမ်း အဖြစ်မှ ထုတ်ပယ်(ရပ်စဲ)ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပြုလုပ်သော မည်သည့် လုပ်ငန်းဆိုင်ရာ သဘောတူညီမှု၊ ငွေကြေးအပေးအယူနှင့် စာရင်းကိစ္စရပ်များကိုမဆို မိမိတို့လုပ်ငန်းမှ လုံးဝ (လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိမ်ရှင်မ ဆီစက်နှင့် ဆန်၊ ဆီ ဖြန့်ချိရေး(နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ တိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ် (၄၅၂) မြေဧရိယာ (၀.၀၅၅)ဧက၊ ပေ(၄၀ x ၆၀) အကျယ်အဝန်းရှိ မြေကွက်အား ဦးလှရီ (၆/ရဖန(နိုင်)၀၁၀၀၂၈) အမည်ဖြင့် (၇-၁၀-၂၀၁၄) ရက်တွင် မြေငှားဂရန်ရရှိထားပြီး ယခုအခါ ဂရန်သက်တမ်းကုန်ဆုံးပြီး မူလဂရန်မူရင်းမှာ နေအိမ်အပြောင်းအရွှေ့လုပ်ရာတွင်ပျောက်ဆုံးသွားပါသဖြင့် ဂရန်မူရင်းခွဲ ရရှိရန် သက်ဆိုင်ရာရုံး/ဌာနများသို့ လျှောက်ထားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဂရန်မူရင်းခွဲ လျှောက်ထားမှုအပေါ်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့် ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဂရန်မူရင်းခွဲ လျှောက်ထားမှုအား ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှရီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

